# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၂)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေး ခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

### တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂက်စ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂက်စ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မေ ၂၄ ရက်)

# ရွေးချယ်မှုမှန်မှ ဘဝကောင်းနိုင်မည်

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲသည် ကျောင်းသား ကျောင်းသူများအတွက် ဘဝလမ်းကြောင်းပေါင်းဆုံရာ ဘူတာဟု ဆိုနိုင်သည်။ ထိုဘူတာမှတစ်ဆင့် မိမိသွားလိုရာ ဘဝခရီးလမ်းကို ရွေးချယ်ကြရ၏။ အချို့ရွေးချယ်မှု မှန်ကန်၍ ဘဝခရီးပန်းတိုင် ရောက်ကြသူများရှိသည်။ အချို့မှာမူ ရွေးချယ်မှုမှားယွင်း၍ လိုရာပန်းတိုင် မရောက်သည်လည်းရှိ၏။ ထို့ကြောင့် ဘဝခရီးလမ်း ရွေးချယ်မှုသည် အရေးကြီး၏။

များမကြာမီ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထွက်လာတော့မည်ဖြစ်ကြောင်း သတင်းများ ကြားသိနေရသည်။ စာမေးပွဲကို ကောင်းစွာဖြေဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူများ ရည်ရွယ်ချက်ကိုယ်စီ၊ အတွေးကိုယ်စီဖြင့် အောင်စာရင်းကို စောင့်မျှော်နေကြပြီ။ အောင်စာရင်းတွင် ဂုဏ်ထူးရသူများ၊ ဂုဏ်ထူးမရသူများ၊ ဂုဏ်ထူးများသူများ၊ ဂုဏ်ထူးနည်းသူများစသည်ဖြင့် ပါဝင်ပေလိမ့်မည်။ ထိုအောင်စာရင်းအပေါ်မူတည်၍ ဘဝခရီးလမ်းကြောင်းကို ရွေးချယ်ကြရ၏။ ထိုရွေးချယ်မှုသည် မှန်ကန်ရန် အရေးကြီးသည်။

ကျောင်းသား ကျောင်းသူတို့တွင် ရည်ရွယ်ချက်ရှိသူလည်း ရှိမည်။ ရည်ရွယ်ချက်မရှိသူလည်း ရှိမည်။ သို့သော် ရည်ရွယ်ချက်ကား ရှိသင့်သည်။ ရည်ရွယ်ချက်ရှိမှလည်း ပန်းတိုင်ရှိသည်။ ရည်ရွယ်ချက်ကား အမျိုးမျိုးရှိသည်။ အချို့က ဆရာဝန်၊ အချို့က အင်ဂျင်နီယာ၊ အချို့က စစ်ဗိုလ်၊ အချို့က သင်္ဘောသား စသည်ဖြင့် ရည်ရွယ်ချက်များ ရှိပေလိမ့်မည်။ ထိုရည်ရွယ်ချက်အသီးသီးတို့သည် စာမေးပွဲရမှတ်နှင့် ချိန်ကိုက်ဆုံးဖြတ်ကြရ၏။ အမှတ်ကောင်းသူများက ဆရာဝန်၊ အင်ဂျင်နီယာ၊ ရေကြောင်းတက္ကသိုလ်၊ ရေကြောင်းသိပ္ပံ စသည်ဖြင့် လိုင်းကောင်းကိုရသည်။

အမှတ်ကောင်း၍ လိုင်းကောင်းရသည်၊ မရသည် အဓိကမဟုတ်။ မိမိသည် ထိုရမည့်ဘွဲ့နှင့် ဝါသနာပါ၊ မပါ စဉ်းစားသင့်၏။ အချို့ အမှတ်ကောင်း၍ ဆရာဝန်လိုင်းကို ယူလိုက်သည်။ သို့သော် လူနာကို ပြုစုစောင့်ရှောက်ပေးလိုသော ဝါသနာကား ပါမလာ။ ထိုအခါ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ရန် လွယ်မည်မဟုတ်ပေ။ ဆရာဝန်ဘွဲ့ရရှိ၍ ကုန်ကျသည့်စရိတ်၊ ပေးဆပ်ရမည့်အချိန်တို့နှင့် တွက်ကြည့်လျှင် များစွာဆုံးရှုံး၏။ ဝါသနာပါမှ ကောင်းပါသည်။

အလားတူ ရွေးချယ်မှုများစွာရှိ၏။ ပင်လယ်ပြင်ခရီးကြမ်းကို စွန့်စားသွားလာရသောဝါသနာ မရှိသည့်သူကား သင်္ဘောသား မဖြစ်သင့်။ စစ်တိုက်ရတာ ဝါသနာမပါသူကား စစ်ဗိုလ် မဖြစ်သင့်ပါ။ ထို့ကြောင့် အမှတ်ကောင်း၍ လိုင်းကောင်းယူသည်ဆိုခြင်းထက် ဝါသနာပါ၊ မပါကို ထည့်တွက်စဉ်းစားသင့်ပေသည်။ ဝါသနာမပါသော အလုပ်ကိုလုပ်ရသည်မှာ ပျော်ပိုက်စရာမရှိနိုင်သလို တိုးတက်မှုလည်း ရနိုင်လိမ့်မည်မဟုတ်ပေ။

မည်သို့ပင်ရှိစေ စာမေးပွဲအောင်မြင်ထားသော ကျောင်းသား ကျောင်းသူတိုင်းသည် တက္ကသိုလ်မတက်မီ အချိန်စောင့်ရမည်ဖြစ်၍ အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် ကွန်ပျူတာ၊ ဘာသာစကား၊ စာရင်းကိုင်၊ စက်မှုလက်မှုစသည်ဖြင့် သင်တန်းများကို တက်ရောက်ထားသင့်ပါသည်။ အချိန်ကို အကျိုးရှိစွာဖြတ်သန်းခြင်းဖြင့် ဘဝအောင်မြင်မှုကို ရစေနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသော ကျောင်းသား ကျောင်းသူများသည် ဘာသာရပ်ရွေးချယ်ရာတွင် မိမိ၏ဝါသနာကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဝါသနာပါမှ ကောင်းပါသည်။ ဝါသနာပါမှ ရွေးချယ်မှုမှန်ကန်ပြီး ဘဝတိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မကွေး မေ ၂၃**

အပြည်ပြည်ဆိုင်ရာသမဝါယမနှစ် အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ရက် နံနက် ၈ နာရီက မကွေးမြို့ ပညာရေးကောလိပ်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နံနက် ၁၀ နာရီကလည်းကောင်း၊ တက္ကသိုလ်ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ပညာရေးကောလိပ် မကွေးမြို့တွင် မွန်းလွဲ ၁ နာရီက လည်းကောင်း ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများမှ အရာထမ်းအမှုထမ်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ ပညာရေးကောလိပ်နှင့် သက်ဆိုင်ရာ ကျောင်းအသီးသီးမှ ကျောင်းအုပ်၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် ပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်မိုးကြည်တို့က အမှာစကားပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် စပိန်သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၃**

ထိုင်းနိုင်ငံအခြေစိုက် စပိန်သံရုံးမှ သံအမတ်ကြီး H.E. Mr. Ignacio Sagaz နှင့် စပိန်နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ မြောက်အမေရိက၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Eduardo Euda တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ ဒေါက်တာမောင်မောင်လေးတို့သည် မေ ၁၀ ရက် ညနေ ၄ နာရီက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံကြသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဘဏ္ဍာရေးဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာကိစ္စ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်း၊ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်လုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**






## ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲများကျင်းပ

**မူဆယ် မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဈေးရပ်ကွက်ရှိ အထက(ခွဲ) အတွင်းမှ ယခင်နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှိ ကျောင်းဟောင်းနေရာတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲကို မေ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး ကျောင်းအကျိုးဆောင် ကော်မတီနှင့် တာဝန်ယူဆောက်လုပ်ပေးမည့် 90' ဆောက်လုပ်ရေးကုမ္ပဏီတို့ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် အလှူငွေပေးအပ်ပွဲ ကျင်းပရာ အလှူရှင်ကုမ္ပဏီများမှ မတည်လှူဒါန်းငွေကျပ် သိန်း ၁၂၀၀ အပါအဝင် အလှူရှင်များစာရင်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့က မှတ်တမ်းတင် ကြေညာပေးသည်။ ထို့နောက် ပန္နက်တင်မင်္ဂလာပွဲကို ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး **(ယာပုံ)**၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တည်ဆောက်မှု ကော်မတီ ကျောင်းအကျိုးတော်ဆောင်များက ပန္နက်တင်ပေးခဲ့ကြသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ သုံးထပ်သံကူ ကွန်ကရစ် အဆောက်အအုံဖြစ်ပြီး စာသင်ခန်း ၁၈ ခန်း၊ အလျား ပေ ၂၇၀၊ အနံ ၃၅ ပေ၊ ဧရိယာ ၂၃၅၇၄ စတုရန်းပေပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်းလေးထောင်လေးရာ ကိုးဆယ့်တစ်သိန်းနှစ်သောင်းကုန်ကျမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ကျောင်းအုပ်ကြီး အထက(ခွဲ) ဖုန်း-၀၈၂-၅၂၇၄၇၊ ဦးအေးမြင့် ဥက္ကဋ္ဌကျောင်း အကျိုးဆောင် ကော်မတီ ဖုန်း-၀၉-၄၇၃၁၈၈၆၄၊ ဦးမြတ်ဇင် အတွင်းရေးမှူး ဖုန်း- ၀၉-၅၂၃၀၀၀၂ နှင့် ဦးဘုန်းကျော်အကျိုးဆောင်တို့ထံ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၁၄၃)**



## ရောင်ခြည်ဦးစာကြည့်တိုက်အဆောက်အအုံသစ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ၌ဖွင့်

**ဘီးလင်း မေ ၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စု ဒေါက်ရပ်ကျေးရွာတွင် ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းအောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဒေါက်ရပ်ကျေးရွာစာကြည့်တိုက်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကလှူဒါန်းသည့် စာအုပ်၊ စာစောင် ၄၀၀ ကို မြို့နယ်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံကလည်းကောင်း၊ ဦးတင်အေးမိသားစုက စာအုပ်၊ စာစောင် ၅၀ ကို လည်းကောင်း၊ ဦးထွန်းရီမိသားစုက တိုင်ကပ်နာရီတစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျေးရွာပြည်သူများက စုပေါင်းစိုက်ထူသည့် စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်သည်။ အဆိုပါစာကြည့်တိုက်မှာ နိုင်ငံတော်မတည် ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၁၃ သိန်းဖြင့် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြပွဲကျင်းပ

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် ရေနံဓာတုဗေဒစက်ရုံ (မန်း) သံပုရာကန် ရေနံချက်စက်ရုံတွင် မေ ၁၅ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မင်း၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲညွှန့်တို့က စက်ရုံဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများ အသုံးပြုပုံတို့ကို စာတွေ့လက်တွေ့ ရှင်းလင်းပြသပြီး ဆီမီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြပွဲများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(မီးသတ်ဦးစီးဌာန)**

## ကရုဏာရှင်သွေးလှူရှင်များအဖွဲ့ အမျိုးသားသွေးဌာနသို့ သွေးလှူဒါန်း

**ကျောင်းကုန်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့မှ မေတ္တာမွန်စေတနာရှင် ကရုဏာရှင်သွေးလှူရှင်များအဖွဲ့၏ ရှစ်နှစ်ပြည့်အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁၃ ရက် နံနက် ၆ နာရီက ဦးလှိုင်မျိုးဆွေ ဦးဆောင်သော သွေးလှူရှင်များသည် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာနတွင် သွေးလှူဒါန်းခဲ့ကြသည်။

**လှူဒါန်း**

အဆိုပါ မေတ္တာမွန်စေတနာရှင်ကရုဏာရှင်များ သွေးလှူဒါန်းအဖွဲ့ကို၂၀၀၄ ခုနှစ်က စတင်ဖွဲ့စည်း၍ စေတနာသွေးလှူရှင် ၁၅၀၀ ခန့်ဖြင့် ယနေ့ထိ ရှစ်နှစ်တာကာလအတွင်း သွေးအိတ်ပေါင်း ၄၅၀၀ခန့် လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(၀၉၁)**

**မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

# ပုလဲမြို့နယ် ရှင်(၁၀၈)ပါး ရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့သွတ်သွင်းခြင်း အလှူတော်မင်္ဂလာသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ကြည်ညို

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာများမှ အခက်အခဲရှိသည့် ကျေးလက်ပြည်သူများ၏ ကလေးငယ်များအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်နိုင်စေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုတို့က စီစဉ်လှူဒါန်းသည့် ရှင်(၁၀၈)ပါး ရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း အလှူတော်မင်္ဂလာကို မေ ၂၂ ရက် နံနက်ပိုင်းတွင် ပုလဲမြို့ ပါရမီရပ် သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။




## တက်ရောက်ကြည်ညို

အလှူတော်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပုလဲမြို့နယ်အတွင်းမှပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များ၊ ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် အလှူရေစက်ချတရားတော်နာမင်္ဂလာအား ဆက်လက်ကျင်းပရာ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပုလဲမြို့နယ် ကံပေါက်ကျေးရွာ နိဗ္ဗာန်ဆိပ်ဦး ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ မေတ္တသုတ်နှင့်ပရိတ်တရားတော်များ နာယူကြည်ညိုကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ ဝိသုတထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ရှင်သာမဏေများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ကျင်းပသည့် ရှင်(၁၀၈)ပါး ရှင်ပြုပွဲနှင့် ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း အစီအစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းမှ ပုလဲ(တောင်) ရပ်ကွက်၊ ပုလဲ(မြောက်) ရပ်ကွက်၊ လက်ပုကန်၊ အလယ်ဘုံ၊ အင်မထီး၊ တနယ်၊ သေတ္တရာ၊ မြကုန်း၊ လဲကန်၊ မင်းတိုင်ပင်၊ ရွာသာ(လိန်ကုန်း)၊ အိုင်းမ၊ ကံပေါက်၊ ညောင်ကုန်း၊ ငှက်ပျောတော(တောင်)၊ ကြိုးကြာဥ၊ သဲတောစသည့် ကျေးရွာတို့မှ မိမိအစီအစဉ်ဖြင့် ရှင်သာမဏေပြုရန် အခက်အခဲရှိကြသည့် ပြည်သူများ၏ သားငယ်စုစုပေါင်း (၁၀၈)ဦးအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း၊ ရှင်ပြုအလှူမင်္ဂလာကိုလည်း ရှေးထုံးမလေ့ အစဉ်အလာအတိုင်း ရှင်လောင်းလှည့်လည်ဘုရားကန်တော့၊ နတ်ပြခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ အရုဏ်ဆွမ်းများ ဆက်ကပ်လောင်းလှူခြင်း၊ ဧည့်ပရိသတ်ပြည်သူများအား ဧည့်ခံကျွေးမွေးခြင်း၊ ရှင်လောင်းများ ဆံချ၊ သင်္ကန်းတောင်း၊ ရှင်သာမဏေအဖြစ်ခံယူခြင်း အစီအစဉ်တို့ကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြကြောင်းနှင့် ရှင်သာမဏေများ၏ မိဘများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုလျက်ရှိကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

### ငါးပါးသီလခံယူဆောက်တည်

ရှင်(၁၀၈)ပါးရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း အလှူတော်မင်္ဂလာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဧည့်ပရိသတ်များ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)



အမှတ် ၁၁၂၆ ဇေတိက(၁)လမ်း (၁၆/၄) ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဦးကျော်မြင့်-ဒေါ်ဝင်းမြင့် **(Royal Pansay Co.,Ltd./ Kho Lon Lishaw Co., Ltd.)** က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၀၈၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက မုံရွာမြို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဝေဝေခိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခုမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ၂၀၁၁ ခုနှစ် နှစ်ချုပ်လုပ်ငန်းဆောင်ရွက်မှုနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စွမ်းရည်က ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် သုံးသပ်အကြံပြုဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင် ဒေါက်တာဇာခြည်ဝင်းက ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

## ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မုံရွာ၊ ဘုတလင်၊ ရွှေဘိုမြို့များသို့လည်းကောင်း၊ တိုင်းဒေသကြီး ဒုတိယကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ကျော်က ကွန်းလှ၊ စစ်ကိုင်း၊ မြင်းမူမြို့များသို့လည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မမသူဇာက ကသာ၊ ကလေး၊ မင်းကင်းမြို့များသို့ လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ဇနီး ဒေါ်နန်းဝတ်ရည်လှဲ့က ခန္တီး၊ ဟုမ္မလင်းမြို့များသို့ လည်းကောင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းပိုင်သားဖွားခန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

## ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ၂၀၁၁ ခုနှစ်အတွင်း လုပ်ရှားမှု ထူးချွန်ဆုပေးပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်က ပထမဆုရ ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စွမ်းရည်က ဒုတိယဆုရ မုံရွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်၏ဇနီးဒေါ်နုနုဝင်းက တတိယဆုရ ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား လည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးအေးသန်းနှင့် အတွင်းရေးမှူး ဒေါ်ဝမ်းကြည်တို့က နှစ်သိမ့်ဆုရ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၃

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်နှင့် မကွေး တိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကရင်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ ကလေးဝမြို့နှင့် ကလေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



မေ ၁၉ ရက်က ဒိုက်ဦးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်က သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး၊ သဘာဝနယ်မြေထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရေချိုအရင်းအမြစ်များ လျော့နည်းပျောက်ဆုံးလာခြင်းအကြောင်းများ ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

# ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများအား လျှောက်လွှာတင်သွင်းခွင့်ပြုခြင်း

နေပြည်တော် မေ ၂၃

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ရာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများမှ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာနှင့် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာများကိုရယူပြီး ၂၀၁၂ခုနှစ် ဇွန် ၁၂ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်(သက်တမ်းတိုး)လာရောက်တိုးမြှင့်နိုင်

နေပြည်တော် မေ ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် သတ်မှတ်လုပ်ငန်းလိုင်စင်သက်တမ်းထက် သုံးနှစ်ကျော်လွန်နေသည့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များကို ပယ်ဖျက်သွားမည်ဖြစ်၍ လိုင်စင်သက်တမ်းကျော်လွန်လျက်ရှိသည့် ဧည့်လမ်းညွှန်များအနေဖြင့် မိမိတို့၏ လုပ်ငန်းလိုင်စင်များကို ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာရုံးခွဲများ၌ သက်တမ်းတိုးတင်ပြလျှောက်ထားရန်နှင့် သတ်မှတ်ရက်အတွင်း ဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလိုင်စင်များအား ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

# ပုဂ္ဂလိက Space X အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မည်

**ကိတ်ကာနေဗယ် မေ ၂၃**

ပုဂ္ဂလိကအာကာသကုန်တင်ယာဉ်တစ်စင်းဖြစ်သည့် Space X အာကာသကုန်တင်ယာဉ်သည် မေ ၂၄ ရက်တွင် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း နာဆာမှ သိပ္ပံပညာရှင်များက မေ ၂၃ ရက်တွင် ပြောကြားသည်။

၎င်းအာကာသကုန်တင်ယာဉ် **(ယာပုံ)** သည် ပထမဆုံးပုဂ္ဂလိက အာကာသကုန်တင်ယာဉ်ဖြစ်ပြီး အမေရိကန်နိုင်ငံ ကိတ်ကာနေဗယ်လေတပ်အခြေစိုက်စခန်းမှ မေ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၄၄ မိနစ်၌ လွှတ်တင်လိုက်ခြင်းဖြစ်သည်။ Space X အာကာသကုန်တင်ယာဉ်ကို အရှည် ၁၇၈ ပေရှိသော ဖာလ်ကွန်-၉ ဒုံးပျံက သယ်ဆောင်သွားသည်။ အဆိုပါဒုံးပျံဖြင့် ကမ္ဘာမြေမှ ဝေဟင်အထက် မိုင် ၂၄၀ ခန့်ဝေးကွာသော နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

Space X အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ တစ်ကြိမ်သွားရောက်ရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကုန်ကျခဲ့ပြီး ယခုခရီးစဉ်၌ လူလိုက်ပါခြင်းမရှိကြောင်း သိရသည်။ Space X အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ သီတင်းနှစ်ပတ်စာလုပ်ငန်းများဆောင်ရွက်ပြီးနောက် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။ **(အင်တာနက်)**



**မိုးမြင့်လင်းလက် – စုစည်းသည်**



# တရုတ်မြို့ပြလေကြောင်းလိုင်းများတွင် ပြေးဆွဲရန် လေယာဉ်အသစ်အစင်းရေ ၂၅၀၀ ကျော်ဝယ်ယူမည်

**ပေကျင်း မေ ၂၃**

တရုတ်နိုင်ငံသည် မြို့ပြလေကြောင်းလိုင်းများတွင် ပျံသန်းနိုင်ရန်အတွက် လေယာဉ်အစင်း ၂၅၀၀ ကျော်ဝယ်ယူရန်စီစဉ်နေကြောင်း တရုတ်မြို့ပြလေကြောင်းဆိုင်ရာအရာရှိများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

**ပြေးဆွဲမည်**

အဆိုပါလေယာဉ်များ **(အပေါ်ပုံ)**ကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်းဝယ်ယူသွားရန် စီစဉ်ထားပြီး ၎င်းလေယာဉ်များမှာ ဂျက်လေယာဉ်အမျိုးအစားများဖြစ်သည်။ ဝယ်ယူမည့်လေယာဉ်များမှာ တရုတ်ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် အများဆုံးအသုံးပြုမည်ဖြစ်ပြီး ပြည်ပခရီးစဉ်များအတွက်လည်း လေယာဉ်အချို့ပြေးဆွဲမည်ဖြစ်သည်။ ထိုသို့လေယာဉ်အသစ်များ ဝယ်ယူဖြည့်ဆည်းလိုက်ပါက တရုတ်နိုင်ငံအတွင်း မြို့ပြလေကြောင်းခရီးစဉ်များ၌ ပြေးဆွဲပျံသန်းမည့်လေယာဉ်အစင်းရေ ၄၅၀၀ ခန့်ရှိလာမည်ဖြစ်သည်။

ယခုအခါ အဆိုပါဂျက်လေယာဉ်များဝယ်ယူရေးနှင့်ပတ်သက်ပြီး တရုတ်မြို့ပြလေကြောင်းနှင့် ပြည်ပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း တရုတ်မြို့ပြလေကြောင်းအုပ်ချုပ်မှုအဖွဲ့အကြီးအကဲ လီကျာကျင်းက ပြောကြားသည်။ **(အင်တာနက်)**

# ရုရှား၌ ရေဒါစခန်းသစ်တစ်ခုတည်ဆောက်နေ



**မော်စကို မေ ၂၃**

ရုရှားနိုင်ငံသည် ဆိုက်ဘေးရီးယားဒေသတွင် ကြိုတင်သတိပေးချက် ရေဒါစခန်းတစ်ခုကို တည်ဆောက်ပြီးဖြစ်ရာ မကြာမီလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ရုရှားအရာရှိများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ကြိုတင်သတိပေးချက်ရေဒါစခန်းသည် ရုရှားနိုင်ငံအရှေ့ပိုင်းဒေသတွင် ဒုံးကျည်ကာကွယ်ရေးအတွက် တည်ဆောက်ခြင်းဖြစ်သည်။ ဒုံးကျည်များဖြင့် ခြိမ်းခြောက်တိုက်ခိုက်မှုကိုလည်း ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယခုတည်ဆောက်သည့် ရေဒါစခန်း **(ဝဲပုံ)**သည် လေးခုမြောက် ရေဒါစခန်းဖြစ်ပြီး ယခင်တည်ဆောက်ခဲ့သည့် ရေဒါစခန်းများထက် နည်းပညာအသုံးပြုမှုနှင့် ခေတ်မီကိရိယာများ တပ်ဆင်ထားမှု ပိုမိုပြည့်စုံသည်။

**ထပ်မံတည်ဆောက်**

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက နောက်ထပ်ရေဒါစခန်းအသစ်များကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ပြီး ဒုံးကျည်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပိုမိုပြည့်စုံရန်အတွက်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**


နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# အာဖဂန်နစ္စတန်ရောက် နယူးဇီလန်တပ်ဖွဲ့ဝင်များ ၂၀၁၃ ခုနှစ်ကုန်ပိုင်းရုပ်သိမ်းမည်



**ချီကာဂို မေ ၂၃**

နယူးဇီလန်နိုင်ငံက နေတိုးအဖွဲ့၏အစီအစဉ်ထက် တစ်နှစ်စောပြီး အာဖဂန်နစ္စတန်မှ ၎င်း၏တပ်ဖွဲ့ဝင်များ **(ဝဲပုံ)**ကို ပြန်လည်ခေါ်ယူရန် အစီအစဉ်ရှိကြောင်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးမက်ကူလီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်ပြည်နယ်၌ တပ်စွဲထားသည့် နယူးဇီလန်တပ်ဖွဲ့ဝင် ၁၄၀ ကို ၂၀၁၄ ခုနှစ်အစား ၂၀၁၃ ခုနှစ်ကုန်ပိုင်းတွင် ပြန်ခေါ်မည်ဟု နိုင်ငံခြားရေးဝန်ကြီး မက်ကူလီက မေ ၂၂ ရက်တွင် ချီကာဂိုမြို့၌ ပြောကြားသည်။

နေတိုးထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ကျင်းပစဉ် နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးမက်ကူလီက ယင်းသို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။ **(အင်တာနက်)**

# ဆီးရီးယားနိုင်ငံ၌ ဗုံးခွဲတိုက်ခိုက်မှု ငါးဦးသေဆုံး

**ဒမတ်စကတ် မေ ၂၃**

ဆီးရီးယားနိုင်ငံ၌လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုများ၏ နောက်ဆုံးအကြိမ်တိုက်ခိုက်မှုတွင် အနည်းဆုံးလူငါးဦးသေဆုံးခဲ့ကြောင်း မေ ၂၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဆီးရီးယားနိုင်ငံ၌ ဆန္ဒပြမှုများပေါ်ပေါက်တတ်သည့် ကာဘွန်းမြို့ စားသောက်ဆိုင်တစ်ဆိုင်ကို မေ ၂၂ ရက်က တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆာနာသတင်းဌာနက ကြေညာသည်။

မေ ၂၂ရက်အစောပိုင်းကလည်း ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း အစ်လစ်မြို့အတွင်း ဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားကြောင်း၊ ထို့ကြောင့် တူရကီ-ဆီးရီးယားနယ်စပ်သွားသည့် နိုင်ငံတကာလမ်းကို ပိတ်လိုက်ရကြောင်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

# ဒူဘိုင်းသို့ တင်ပို့မည့်ဆင်စွယ်များ သီရိလင်္ကာနိုင်ငံ၌ ဖမ်းဆီးရမိ



**ကိုလံဘို မေ ၂၃**

ပလတ်စတစ်အမှိုက်များသဖွယ် ပုံဖျက်ကာ ဒူဘိုင်းသို့ တင်ပို့မည့် အာဖရိကဆင်စွယ် ၁ ဒသမ ၅ တန်ကို သီရိလင်္ကာ အာဏာပိုင်များက လက်ရဖမ်းမိကြောင်း ကိုလံဘိုရှိ အကောက်ခွန်ရုံးက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကင်ညာနိုင်ငံမှ ခုတ်မောင်းလာသည့် သင်္ဘောတစ်စင်း သီရိလင်္ကာနိုင်ငံ ကိုလံဘိုပင်လယ်ဆိပ်ကမ်းသို့ မေ ၂၀ ရက်က ဆိုက်ကပ်စဉ် သတင်းပေးချက်အရ အကောက်ခွန်အရာရှိများက တက်ရောက်စစ်ဆေးရာ ဆင်စွယ် ၃၅၉ ချောင်းကို ဖော်ထုတ်တွေ့ရှိခြင်းဖြစ်သည်။ **(ယာပုံ)**မျိုးသုဉ်းမည့် ဘေးအန္တရာယ်ရှိသော သတ္တဇီဝမျိုးစိတ်များဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှု သဘောတူညီချက်စည်းမျဉ်းအရ တွေ့ရှိခဲ့သည့် ဆင်စွယ်များကို သိမ်းယူထားကြောင်း အကောက်ခွန်ဌာန ဥက္ကဋ္ဌ ယုဒါရန်နက်က သတင်းဌာနသို့ ပြောကြားသည်။ ယခုဆင်စွယ်များ တရားမဝင်ကုန်ကူးလာသည်ကို ဖော်ထုတ်တွေ့ရှိခြင်းကြောင့် သက်ဆိုင်မှုရှိသည့် ယူအေအီးနိုင်ငံနှင့် ကင်ညာနိုင်ငံများသို့လည်း ဆက်သွယ်သတင်းပေးပို့ထားကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၃-၅-၂၀၁၂

**တင်မောင်လွင် – စုစည်းသည်**

### မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသည့် နိုင်ဂျီးရီးယားသူနှစ်ဦး အာဖရိကအနောက်တောင်ပိုင်း၌ ဖမ်းဆီးခံရ

*အာဖရိကနိုင်ငံအနောက်ပိုင်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးရဲတပ်ဖွဲ့သည် နိုင်ငံအနောက်တောင်ပိုင်း လာဂေါ့စ်ပြည်နယ်၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားရေးသမားများဟု ယူဆရသူအမျိုးသမီးနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံမူးယစ်ဆေးဝါးဥပဒေပြဋ္ဌာန်းရေးဌာနက မေ ၂၂ ရက်တွင် ပြောကြားသည်။*

*အသက် ၂၄ နှစ်နှင့် ၂၅ နှစ်အရွယ်ရှိ အဆိုပါသံသယရှိသူ အမျိုးသမီးနှစ်ဦးအား လာဂေါ့စ်ပြည်နယ်ရှိ မူတာလာမူဟာမ်မက် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ ပြောရေးဆိုခွင့်ရှိသူ မစ်ချယ်အိုဖိုယယ်ဂျူက သတင်းထောက်များအား ပြောကြားခဲ့သည်။ သံသယရှိသူနှစ်ဦးအနက်မှ တစ်ဦးသည် ဆံပင်ပုံသွင်းသူတစ်ဦးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း၊ သို့သော် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ သူမ၏ အဝတ်အထည်အတွင်း ဝှက်ထားသည့် စိတ်ကိုပြောင်းလဲစေသည့် မူးယစ်ဆေးဝါးတစ်ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အခြားတစ်ဦးမှာ လန်ဒန်အခြေစိုက်ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်ပြီး သူမ၏ ချောကလက်အထုပ်များအတွင်း ဝှက်ထားသည့် ကိုကင်းသုံးကီလိုဂရမ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ မစ်ချယ်က ဆက်လက်ပြောကြားခဲ့သည်။*

### ယီမင်၌ လူမျိုးစုများနှင့် အကြမ်းဖက်သမားများတိုက်ပွဲဖြစ်

*ယီမင်နိုင်ငံတောင်ပိုင်း ဇက်ယန်ပြည်နယ်တွင် အစိုးရလိုလားသည့် လူမျိုးစုလက်နက်ကိုင်များနှင့် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားများ တိုက်ပွဲဖြစ်သဖြင့် လူမျိုးစုလက်နက်ကိုင် ၁၀ ဦးနှင့် အကြမ်းဖက်သမား ၁၈ ဦးသေဆုံးခဲ့ကြောင်း ယီမင်စစ်တပ်အရာရှိတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားသည်။ မေ ၂၁ ရက်အရုဏ်တက်တွင် အက်ယန်ပြည်နယ် ဂျားမြို့ ဆင်ခြေဖုံးဒေသ၌ တိုက်ပွဲစတင်ဖြစ်ပွားကာ ထိုနေ့ညနေအထိ တိုက်ပွဲဆက်လက်၍ ပြင်းထန်စွာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲအတွင်း လူမျိုးစုလက်နက်ကိုင် ၁၀ဦးနှင့် အယ်လ်ခိုင်ဒါအကြမ်းဖက်သမား ၁၈ ဦးသေဆုံးခဲ့ကြောင်း အမည်မဖော်လိုသူ ယီမင်စစ်တပ်မှအရာရှိတစ်ဦးက ပြောကြားသည်။ လူမျိုးစုလက်နက်ကိုင်အဖွဲ့ဝင်များသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အထိအနာဆုံးဖြစ်ခဲ့သည်။*

### တရုတ်နိုင်ငံအနောက်တောင်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း

*တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂန်ကျူ့ပြည်နယ်တွင် မိုးသက်မုန်တိုင်းများတိုက်ခတ်ပြီး မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ငါးဦးသေဆုံးပြီး အခြား ၂၅၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက မေ ၂၃ ရက်တွင် ဖော်ပြသည်။ ဂန်ကျူ့ပြည်နယ်ရှိ မြို့ ၁၈ မြို့နှင့် စီရင်စုများတွင် မေ ၂၂ ရက်က ရုတ်တရက် မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းကြောင်း အဆိုပါပြည်နယ်အုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ မိုးသက်မုန်တိုင်းများကြောင့် နေအိမ် ၁၅၀၀ ကျော် ပျက်စီးခဲ့ကြောင်း၊ အဆိုပါပျက်စီးမှုကြောင့် ယွမ် သန်း ၄၀ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၄ သန်း) စီးပွားရေးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း ယင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။ (အင်တာနက်)*

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

# အာဖဂန်နစ္စတန်စစ်ပွဲ ၂၀၁၄ ခုနှစ်တွင် အဆုံးသတ်တော့မည်လော

## တိုး - ရေးသားသည်

**အမေရိကန်နိုင်ငံက နေတိုးထိပ်သီးအစည်းအဝေးကို ၁၃ နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မိမိနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ကမ္ဘာ့စီးပွားရေးအား ခြိမ်းခြောက်လာသည့် ဥရောပကြွေးမြီ အကျပ်အတည်းကိုင်တွယ်ရသည့် ရှစ်နိုင်ငံ အုပ်စု(ဂျီ-၈) ထိပ်သီးအစည်းအဝေးကို အမေရိကန်သမ္မတအပန်းဖြေရာ ဒေးဗစ်စခန်း၌ ကျင်းပအပြီး နောက်တစ်ရက် မေ ၂၀ ရက် (တနင်္ဂနွေနေ့) တွင် နေတိုးထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ စတင်ကျင်းပခြင်းဖြစ်သည်။**

ဤထိပ်သီးအစည်းအဝေးမှာ နေတိုးအဖွဲ့၏ (၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးဖြစ်သည်။ နောက်ဆုံးထိပ်သီးအစည်းအဝေးမှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကျင်းပခဲ့သည်။

ကမ္ဘာပေါ်တွင် ဒေသဆိုင်ရာ စီးပွားရေး၊ စစ်ရေးမဟာမိတ်အဖွဲ့များ ဖွဲ့စည်းကြရာ၌ နေတိုးအဖွဲ့သည် စစ်ရေးမဟာမိတ်အုပ်စုဖြစ်ပြီး သက်တမ်းအရင့်ဆုံးအဖွဲ့ ဖြစ်သည်။ ၁၉၄၉ ခုနှစ် ဧပြီ ၄ ရက်တွင် စတင် ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး အရင်းရှင်အုပ်စုနှင့် ဆိုရှယ်လစ်အုပ်စုတို့ ကွဲပြားလာရာမှ ဆိုဗီယက်ပြည်ထောင်စု၏ ကျယ်ပြန့်လာသော ဩဇာကို ထိန်းချုပ်ဟန့်တားရန် မူလ ၁၂ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း ၁၉၉၁ ခုနှစ်၌ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပြီးနောက် အဖွဲ့ဝင်များ ထပ်မံတိုးလာရာ ယခုအခါ အဖွဲ့ဝင် ၂၈ နိုင်ငံအထိ ရှိနေပြီဖြစ်သည်။

နိုင်ငံတကာ အခြေအနေများက ပြောင်းလဲလာခဲ့၏။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်မြို့ကြီးများကို ခရီးသည်တင်လေယာဉ်ကြီးများအား အပိုင်စီးအသုံးချကာ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားသည်။ ဤတွင် နေတိုးအဖွဲ့ ပဋိညာဉ်စာချုပ် အခန်း(၅) ကို ကိုးကားကာ အမေရိကန် ဦးဆောင်သည့် နေတိုးတပ်များ အာဖဂန်နစ္စတန်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ပဋိညာဉ်စာချုပ် အခန်း (၅) ၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်လျှင် အဖွဲ့ဝင်အားလုံးကို တိုက်ခိုက်သည်ဟု ယူဆရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အာဖဂန်နစ္စတန်စစ်ပွဲသည် နေတိုးသမိုင်းတွင် ပထမဆုံးအကြိမ် အတ္တလန္တိတ်ဒေသအပြင်ဘက်၌ နေတိုးက ပါဝင်ပတ်သက်ခြင်း ဖြစ်သည်။

ချီကာဂို နေတိုးထိပ်သီးအစည်းအဝေး အဖွင့်မိန့်ခွန်းတွင် **"မိမိတို့သည် မိမိတို့ လုံခြုံရေးအတွက် အတူလက်တွဲစွန့်စားခဲ့ကြသကဲ့သို့ ဤလုပ်ငန်း အဆုံးသတ်ရန် ဆုံးဖြတ်ချက်ချရာတွင် ညီညီညွတ်ညွတ် ရပ်တည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း"** အမေရိကန် သမ္မတအိုဘားမားက တိုက်တွန်းပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့ဝင်များ တဖြည်းဖြည်း ရုပ်သိမ်းရေးနှင့်ပတ်သက်၍ တူညီသော သဘောထားတစ်ရပ်ကို နေတိုးခေါင်းဆောင်များ အတည်ပြုရန် သမ္မတအိုဘားမားက တိုက်တွန်းနေသည်။ အာဖဂန်နစ္စတန်စစ်ပွဲမှ လက်ရုပ်သိမ်းရေး မဟာဗျူဟာက နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲဝယ် သမ္မတအိုဘားမား ပြန်လည်အရွေးခံရရေးကို အထောက်အကူဖြစ်စေမည် မဟုတ်ပါလား။

၂၀၁၄ ခုနှစ်ကုန်တွင် အင်အား ၁၃၀၀၀၀ ရှိ နေတိုးတပ်ဖွဲ့ဝင် အများစု ရုပ်သိမ်းရေးအတွက် ၂၀၁၃ ခုနှစ် နှစ်လယ်တွင် အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှု စစ်ဆင်ရေးတာဝန်များ လွှဲပေးရမည်ဖြစ်သည်။ ယင်းမှာ နေတိုးအဖွဲ့၏ လုပ်ငန်းတွင် အဓိကအချက်ဖြစ်သည်။ သို့သော် ချီကာဂို ထိပ်သီးအစည်းအဝေးတွင် အတွင်းအောင်းသဘောကွဲမှုများ ရှိသည်။ အထူးသဖြင့် မဟာမိတ်နေတိုးအဖွဲ့၏ ရုပ်သိမ်းပေးမည့်အချိန်ထက် နှစ်နှစ်စောပြီး ၂၀၁၂ ခုနှစ်ကုန်တွင် ပြင်သစ်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် ပြင်သစ်သမ္မတသစ် ဖရန်ကွိုင်ဟော်လန်က စီစဉ်နေသည့် ကိစ္စဖြစ်သည်။ သို့ဖြင့် ပြင်သစ်သမ္မတသစ်၏ ပြောဆိုမှုတို့သည် သမ္မတ အိုဘားမားကို စိန်ခေါ်သလို ဖြစ်နေပြန်သည်။

ထိုအခါ ပြင်သစ်နိုင်ငံ၏ ဆုံးဖြတ်ချက်ရှိသော်လည်း နေတိုးမဟာမိတ်အဖွဲ့အနေဖြင့် စည်းလုံးညီညွတ်မှုကို ထိန်းထားနိုင်မည်ဟု ယုံကြည်ကြောင်း နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် အင်ဒါးစ်ဖော့ရပ်စ်မတ်ဆင်က ပြောကြားသည်။ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးတွင် တက်သုတ်ရိုက်မှုရှိမည်မဟုတ်ကြောင်း ထိန်းပြီး ပြောကြားလိုက်သည်။



အမေရိကန်သမ္မတ အိုဘားမား၊ အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းနှင့် ပါကစ္စတန်သမ္မတ ဇာဒါရီ (ဝဲမှယာ)။

သို့သော် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်ကမူ မိမိတို့သည် အာဖဂန်နစ္စတန်နိုင်ငံသို့ အတူသွားခဲ့ကြပြီး ယခုလည်း အတူ ထွက်ခွာလိုပါသည်ဟု ရှင်းရှင်းပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ်တွင် နေတိုးတပ်များအနေဖြင့် အာဖဂန်နစ္စတန်၌ တိုက်ခိုက်ချေမှုန်းမှု စစ်ဆင်ရေးများ အဆုံးသတ်သွားမည်ဖြစ်ရာ သူတို့နားလည်ထားသကဲ့သို့ အာဖဂန်နစ္စတန်စစ်ပွဲမှာ ပြီးဆုံးသွားပြီဆိုနိုင်သည်။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ဖွဲ့စည်းမှုဆိုင်ရာ ကတိကဝတ်များကိုမူ ဆက်လက်ဖြည့်ဆည်းပေးရဦးမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ထိုအခါ အခွန်ထမ်း အမေရိကန်ပြည်သူများကို ကျေးဇူးတင်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် နိုင်ငံတကာအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု မဖြစ်စေအောင်ကြိုးပမ်းမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းက ပြောကြားသည်။

ခက်သည်က အနာဂတ် အာဖဂန်နစ္စတန် ဖွံ့ဖြိုးရေးအတွက် နှစ်စဉ် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ လိုအပ်မည့်ငွေပမာဏကို အိုဘားမားအစိုးရက ထက်ဝက်ကျခံရန် တာဝန်ယူသော်လည်း အခြားနိုင်ငံများက အာမခံချက် မပေးဘဲနေခြင်းဖြစ်သည်။

ကြွေးမြီ ထူပြောပြီး အသုံးစရိတ်လိုငွေပြနေသည့် နိုင်ငံတို့အဖို့ ပြည်ပထောက်ပံ့ရေးပေးရန် အခက်အခဲရှိသည်မှာလည်း သဘာဝကျသည်။

မည်သို့ပင်ဖြစ်စေ အာဖဂန်စစ်ပွဲကို ၂၀၁၄ ခုနှစ်တွင် အဆုံးသတ်မည်ဟူသော အမေရိကန်သမ္မတအိုဘားမား၏အစီအစဉ်ကို နေတိုးခေါင်းဆောင်များ လက်ခံကြောင်း ဤထိပ်သီးအစည်းအဝေး၌ တွေ့ရသည်။

သို့သော် စစ်ပွဲအဆုံးသတ်ပိုင်းတွင် စစ်လက်နက်ပစ္စည်းများ သယ်ယူရေးအတွက် ပါကစ္စတန်နိုင်ငံ ဖြတ်သန်းခွင့်ကိစ္စတွင် လိပ်ခဲတည်းလည်း ဖြစ်နေသည်။ ဤကိစ္စကိုမူ အမေရိကန်သမ္မတ အိုဘားမား၊ အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းနှင့် ပါကစ္စတန်သမ္မတ ဇာဒါရီတို့ တွေ့ဆုံသည့်အခါ အကျေအလည် ဆွေးနွေးရမည်ဖြစ်သည်။ ထို့အပြင် အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေး၌ တာလီဘန်တို့နှင့် ညှိနှိုင်းရာတွင် ပါကစ္စတန်နိုင်ငံ၏ ထောက်ခံမှုသည် အရေးကြီးသည်ဟု ထင်မြင်ပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

## ဇော်ဦးခိုင်-ရေးသည်



# ဒိုင်နိုဆောမျိုးနွယ် အရိုးစုရုပ်ကြွင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြင့် လေလံတင်ရောင်းချ

**နယူးယောက် မေ ၂၃**

အမေရိကန်နိုင်ငံတွင် ဒိုင်နိုဆောရုပ်ကြွင်းအရိုးစုအား လေလံတင်ရောင်းချပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မေ ၂၂ ရက်က ဖော်ပြသည်။

နယူးယောက်မြို့တွင် မေ ၂၀ ရက်က လေလံပွဲကျင်းပခဲ့ခြင်းဖြစ်ပြီး ဒိုင်နိုဆောမျိုးနွယ်ဝင် ရှားပါးထရိုင်နိုဆောရပ်ရိစ်ဘတ္တားသတ္တဝါကြီး၏ အရိုးစုရုပ်ကြွင်းကို အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

ခုနစ်မီတာအရှည်ရှိသော ထရိုင်နိုဆောရပ်ရိစ်ဘတ္တား အရိုးစုရုပ်ကြွင်းကို အမည်နာမ ထုတ်ဖော်ပြောကြားခြင်းမရှိသူတစ်ဦးက လေလံဆွဲဝယ်ယူသွားခြင်းဖြစ်ကြောင်း ဟာရီတိတ်၍ လေလံရုံးက ထုတ်ဖော်ပြောကြားသည်။

ယခု လေလံတင်ရောင်းချခဲ့သည့် အရိုးစုရုပ်ကြွင်းသည် ရှာဖွေတွေ့ရှိသမျှသော ရုပ်ကြွင်းများတွင် အရိုးအဆစ်များ အပြည့်စုံဆုံးရုပ်ကြွင်းဖြစ်ကြောင်း လေလံရုံးက ပြောကြားသည်။

ထရိုင်နိုဆောရပ်ရိစ်ဘတ္တားမျိုးနွယ်သည် အသားစား ထရိုင်နိုဆောရပ်သတ္တဝါမျိုးအုပ်စုဝင်များဖြစ်သည်။ ယခုရောင်းချလိုက်သည့် ထရိုင်နိုဆောရပ်ရိစ်ဘတ္တားအရိုးစုရုပ်ကြွင်းကို လွန်ခဲ့သော ခုနစ်နှစ်ခန့်က ဂိုဘီသဲကန္တာရအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အင်္ဂလန်တွင် ထိန်းသိမ်းထားခြင်းဖြစ်သည်။

ထရိုင်နိုဆောရပ်အရိုးစုရုပ်ကြွင်းအား လေလံတင်ရောင်းချခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်အတွင်း ထရိုင်နိုဆောရပ်ရိစ် အရိုးစုရုပ်ကြွင်းကို အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ဖြင့် ပထမဆုံးလေလံတင်ရောင်းချဖူးကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

# ပေကျင်းမြို့ခံများ သောက်သုံးရေဖူလုံရေး ပင်လယ်ရေငန်ကို သန့်စင်ကာ ရေချိုထုတ်လုပ်မည်

**ပေကျင်း မေ ၂၃**

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလျက်ရှိသော တရုတ်နိုင်ငံ၏မြို့တော် ပေကျင်းမြို့တော်တွင် သောက်သုံးရေသန့် ရှားပါးမှုပြဿနာ ခြိမ်းခြောက်လျက်ရှိသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မကြာမြင့်သေးမီက သတင်းတစ်ရပ်တွင် ပင်လယ်ရေကို ရေသန့်ရေချိုအဖြစ် ပြောင်းလဲရေး စီမံကိန်းဖြင့် မြို့တော်ပေကျင်း၏ ကြာရှည်အမြစ်တွယ်နေသော ပြဿနာဟောင်းကို ဖြေရှင်းနိုင်မည်ဟု အကြံပြုထားသည်။

ပင်လယ်ရေငန်ကို သောက်သုံးနိုင်သည့်အဆင့်အထိ သန့်စင်ပြောင်းလဲမည့် စီမံကိန်းမှာ ငွေကြေးများစွာ မြှုပ်နှံရမည်ဖြစ်ကြောင်း၊ လိုအပ်သော ပိုက်လိုင်းများ တပ်ဆင်မှုသည် ယွမ်ခုနစ်သန်းမှ ရှစ်သန်းကြား ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ရေသန့်တစ်တန် ထုတ်လုပ်မှုစရိတ်သည် အမေရိကန် ဒေါ်လာ ၁ ဒေါ်လာ ကုန်ကျမည်ဖြစ်ကြောင်း ကွီကျို့နေ့စဉ်သတင်းစာက ရေးသားထားသည်။ အစိုးရအနေဖြင့် ပေကျင်း မြို့သူ မြို့သားများ ပင်လယ်ရေမှ သန့်စင်ထားသော ရေသန့်များ သောက်သုံးနိုင်ရေး စီမံကိန်းအတွက် ငွေကြေး ထောက်ပံ့ပေးသင့်ကြောင်း အဏ္ဏဝါဗေဒဆိုင်ရာ အမျိုးသားဗျူရိုမှ ကျွမ်းကျင်ပညာရှင် လျန်ဂေါင်လင်က ပြောကြားပြီး ပင်လယ်ရေမှ သန့်စင်သည့် ရေသည် ရိုးရိုးသောက်သုံးရေနှင့် ကွဲပြားမှုမရှိသည်ကို စမ်းသပ်နိုင်ပြီဖြစ်ကြောင်း အာမခံပြောကြားသည်။

တစ်နေ့လျှင် ပင်လယ်ရေမှ သောက်ရေ တန် ၅၀၀၀၀ သန့်စင်ထုတ်လုပ်နိုင်မည့် စက်ရုံကို ပေကျင်းအရှေ့တောင်ဘက်ရှိ ပင်လယ်ကမ်းစပ်မြို့ တန်ရှန်းမြို့တွင် တည်ဆောက်လျက်ရှိပြီး ၎င်းစက်ရုံလည်ပတ်သည့်အခါ သန့်စင်ရရှိသည့်ရေပမာဏသည် ပေကျင်းမြို့တော်၏ ရေလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးဟု သတင်းဖော်ပြသည်။

"ပင်လယ်ရေငန်သန့်စင် ရေချိုထုတ်လုပ်ရေး ကွန်ရက်ဖြစ်မြောက်ရေးအတွက် ယခုလို စက်ရုံသုံးလေးရုံခန့် တည်ဆောက်ရမည်"ဟု လျန်က ပြောကြားပြီး "ပင်လယ်ရေမှ သောက်သုံးနိုင်သော ရေရရှိရန်အတွက် ပေကျင်းမြို့သူမြို့သားများ နှစ်နှစ် သုံးနှစ်ခန့်သာ စောင့်ရတော့မှာပါ"ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မရှင်မှ အမည်မဖော်လိုသူ အရာရှိတစ်ဦးကမူ ယခုသုတေသနလုပ်ငန်း၏ အကျိုးရလဒ်သည် ထုတ်လုပ်နိုင်သည့်အဆင့်ထိ မရောက်ရှိသေးကြောင်း၊ အချိန်များစွာယူ၍ သုတေသနပြုရန် လိုအပ်သေးကြောင်း ကွီကျို့သတင်းစာသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

# အာဖဂန်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**ကဘူးလ် မေ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်းတွင် နိုင်ငံခြားသားတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အီတလီတပ်ဖွဲ့ဝင် သုံးလေးဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ နိုင်ငံခြားသားများ၏ မော်တော်ယာဉ်တန်းကို အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်အတွင်း လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် သက်ဆိုင်ရာက မည်မျှထိခိုက်သေဆုံးသည်ကို သတင်းထုတ်ပြန်ခြင်း မရှိကြောင်း မျက်မြင်တွေ့သူများက ပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)**



# နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားအား တိုက်ရိုက်အကျိုးပြုနိုင်မည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိ

**တွေ့ဆုံမှာကြား**

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဒူးယားကျေးရွာ၌ ရေလုပ်သားများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)





**နေပြည်တော် မေ ၂၃**

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ ကျုံပျော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၁ ရက် နံနက် ၈ နာရီတွင် ကျုံပျော်မြို့နယ် ရှားခဲကျေးရွာရှိ ရှားခဲကြီးအင်း သဘာဝငါးမွေးမြူရေးကန်ကိုကြည့်ရှုပြီး ကျေးရွာစိုက်ပျိုးပညာပေးရေးစခန်း၌ ရှားခဲကြီးအင်း ပတ်ဝန်းကျင်ကျေးရွာအုပ်စုခြောက်စုမှ ရေလုပ်သား ၁၅၀နှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက တိုင်းဒေသကြီးအတွင်း အင်းများ လေလံတင်ရောင်းချမှုနှင့် ရေလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ ဂရန်အင်းပေါင်း ၃၇၂၂ အင်းရှိသည့်အနက် ဧရာဝတီတိုင်းဒေသကြီးတွင် အင်းပေါင်း ၁၇၀၀ ကျော်ရှိကြောင်း၊ ယခုအခါ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ရေချိုငါးလုပ်ငန်းနှင့် ပတ်သက်သော ဖမ်းဆီးလုပ်ကိုင်ခွင့်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

တိုင်းဒေသကြီးအစိုးရများအနေဖြင့် ကုန်းတွင်းသယံဇာတဖြစ်သော အင်းအိုင်များကို လေလံတင်ရောင်းချခြင်းမှ နိုင်ငံတော်အခွန်ပေးသွင်းနေခြင်းအား ဆောင်ရွက်ရာတွင် သင့်တင့်သော ဈေးနှုန်းများဖြင့်သာ ဆောင်ရွက်ကြပြီး အင်းအား အမှီပြု လုပ်ကိုင်စားသောက်နေကြသည့် ရေလုပ်သားများ၏ စားဝတ်နေရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ဒေသခံများအနေဖြင့်လည်း တရားဥပဒေကို လေးစားလိုက်နာပြီး အုပ်စုဖွဲ့ ဥပဒေမဲ့ ဆောင်ရွက်ခြင်းများ ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ အရေးယူခံရမည်ကို သတိပြုရန်လိုကြောင်း၊ လက်ရှိအခြေအနေ၌ အင်းအတွင်း တရားမဝင် ဖမ်းဆီးနေမှုများတွင် မသမာသူတစ်ဦးတစ်ယောက် ပါဝင်လာပါက မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ ရှိလာနိုင်သည့်အတွက် ရေလုပ်သားများအနေဖြင့် ရေရှည်လုပ်ကိုင်စားသောက်ရမည့် အခြေအနေကို စဉ်းစားချင့်ချိန်ပြီး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားအား တိုက်ရိုက်အကျိုးပြုနိုင်မည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများ၏ စိတ်ဆန္ဒပြည့်ဝစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် အစိုးရနှင့်ပြည်သူ တစ်သားတည်းဖြစ်စေမည့် အကြောင်းတရားများပင် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရအား အားကိုးယုံကြည်မှုရှိလာပြီး ပြည်သူများသည်လည်း နိုင်ငံတော်အစိုးရက ယုံကြည်အားထားရသူများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒူးယားကျေးရွာ အထက်တန်းကျောင်း အင်းသာယာခန်းမ၌ ဒူးယားအင်းပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ကျေးရွာသူ ကျေးရွာသား ၄၅၀ ခန့်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် ရှားခဲကျေးရွာ မဟာပဋ္ဌာန်းဂိက တန်ဆောင်း၌ ကျေးရွာသူ ကျေးရွာသား ၂၅၀ ခန့်နှင့် လည်းကောင်း တွေ့ဆုံ၍ ဒူးယားအင်းသည် ကုန်းတွင်းပိတ်အင်းဖြစ်သဖြင့် မွေးမြူခြင်းကို အခြေခံသည့် ဖမ်းဆီးခြင်းစနစ်ကို အသုံးပြု၍ ငါးသားပေါက်များ ဝယ်ယူထည့်သွင်းကာ အစာကျွေးမွေးမြူသည့်စနစ်အား ကျင့်သုံးလျက်ရှိသော အင်းတစ်အင်းဖြစ်ကြောင်း၊ ငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် နှစ်စဉ်ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး လေးလက်မ ပိုက်ကွက်ဖြင့် ဖမ်းဆီးခြင်းမှ ကျန်ရှိသော ငါးငယ်များကို မျိုးချန်မွေးမြူသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ချီးမြှင့်သည့် မွေးမြူရေးကို အခြေခံသော ငါးဖမ်းဆီးထုတ်လုပ်မှု အကောင်းဆုံးဆုကိုရရှိခဲ့သည့် အင်းတစ်အင်း ဖြစ်ကြောင်း၊ အင်းလေလံတင်ရောင်းချမှုကို ရေချိုငါးလုပ်ငန်း ဥပဒေနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်၊ ရေချိုငါးလုပ်ငန်းဥပဒေအား ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ သိရှိနိုင်ရေးအတွက် ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များသည် ပန်းတနော်မြို့နယ် ဘဝိုင်း၊ ကျုံတုံးကလေးနှင့် အင်းမကျေးရွာ၊ ဟင်္သာတမြို့နယ် အင်းတလုတ်နှင့် ဒူးယားကျေးရွာ၊ ကျုံပျော်မြို့နယ် ရှားခဲ၊ သပြေငူ၊ ကွဲခြံတောင်၊ အင်တရော်၊ ကညင်ဆိုင်၊ သောင်ကြီးနှင့် အထောင်ကျေးရွာများ၌ ကျေးလက်သမဝါယမအသင်းဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မွေးမြူရေးသမဝါယမအသင်းများဖွဲ့စည်း၍ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ပင်းတယ၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**ပင်းတယ မေ ၂၃**

ရှမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း ဧပြီ ၂၆ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသော ရပ်ကွက်၊ ကျေးရွာများအတွင်း လေဘေးသင့် မိသားစု ၁၂ စုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် အလှူငွေကျပ် ၆၀၀၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ကျင်းပရာ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများအား လေဘေးသင့်ပြည်သူများထံ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် အတွင်းရေးမှူး ဦးစိုးနိုင်တို့က ပေးအပ်လှူဒါန်းပေးပြီး လေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (၄၇၇)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်မှာကြား

**နေပြည်တော် မေ ၂၃**

ယနေ့နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ၂၀၁၁ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၄)ဖြင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ဥပဒေအရ ၂၀၁၂ ခုနှစ် ဧပြီ ၃၀ရက်တွင် ပညာရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများတွင် လျှောက်လွှာများတောင်းယူပြီး အဆိုပါရုံးများသို့ အချိန်မီပြန်လည်တင်ပြကြရမည်ဖြစ်ကြောင်း၊ အဆိုပါ လျှောက်လွှာများကို ပညာရေးအရာရှိများက လက်ခံစိစစ်၍ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ကိစ္စရပ်များကို သက်ဆိုင်ရာ ဦးစီးဌာနသို့ တင်ပြသွားရန်နှင့် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ကိစ္စများကို စိစစ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၅-၂၀၁၂ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်-ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ အရှင်ဥတ္တရ ကိုကျိုက်ဒေးယျုံဆရာတော် ဟောကြားတော်မူသော တရားတော်
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၁)
- ၇း၅၀ TV Shopping
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၅)
- ၈း၅၀ **တရုတ်-မြန်မာဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးည** ပဒေသာကပွဲအစီအစဉ် (အပိုင်း-၃)
- ၉း၂၀ သီတဂူလမင်း သာသနာ့အကျိုးဆောင် အသင်းကြီး (မင်္ဂလာဒုံ)၏ စုပေါင်းရဟန်းခံရှင်ပြုပွဲ
- ၁၀း၂၅ ရန်ကုန်မြင်ကွင်းကျယ် Mother's Day Singing Contest
- ၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၇)
- ၄း၅၀ စားဖွယ်စုံတွဲ မြိတ်ရိုးရာအစားအစာ
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၂)
- ၇း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ Singapore Night (Orchard Road)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၆)
- ၂း၁၅ **သံစဉ်များကိုထုဆစ် အလှဆင်သူများ** (ကိုကျော်လင်းထိန်နှင့် တွေ့ဆုံခြင်း)
- ၂း၄၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

**"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**

**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြု ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



# မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်း စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုအဖွဲ့၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင်နှင့် စီးပွားရေးပညာရှင်များ

## ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုအဖွဲ့ (MDRI)၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်၊ စီးပွားရေးပညာရှင်များဖြစ်သော Professor Paul Collier နှင့် Dr. Robert F. Conrad တို့ ပါဝင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများအနက် ငွေရေးကြေးရေးကဏ္ဍ၊ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာကိစ္စရပ်များ၊ အခွန်ကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များနှင့် လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

အဆိုပါအဖွဲ့သည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလင်းအောင် ဦးဆောင်သောအဖွဲ့နှင့် လည်းကောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော် ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း လုပ်ငန်း ဆိုင်ရာကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာအုပ်စု

## ခဝါချောင်း ချောင်းကူးတံတားဖွင့်လှစ်

နေပြည်တော် မေ ၂၃

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခဝါချောင်း ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားသစ်၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Nakaya Go က တံတားသစ် ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒနှင့် ဗုဒ္ဓသာသနနုဂ္ဂဟအသင်းကြီး၏ အတွင်းရေးမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနနုဂ္ဂဟအသင်းကြီး ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် အသင်းကြီးက တံတားသစ်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။**

### ပြန်လည်ပေးအပ်

ယင်းနောက် တံတားသစ် တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးရီက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင် ဂျပန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက တံတားသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စစ်တောင်းကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ရာ အုပ်ချုပ်ရေးမှူးက အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ တံတားသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနား တက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယခုဖွင့်လှစ်လိုက်သည့် ခဝါချောင်း ချောင်းကူးတံတားသစ်သည် သံကူကွန်ကရစ် သံပေါင်အမျိုးအစားဖြစ်ပြီး ပင်မတံတား အရှည် ပေ ၂၆၀၊ ချဉ်းကပ်လမ်း ပေ ၁၀၀ နှင့် တံတားအကျယ် ရှစ်ပေဖြစ်ကာ ငွေကျပ် သိန်းပေါင်း တစ်ထောင်ကျော် အကုန်အကျခံ၍ ၂၀၀၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၂-၅-၂၀၁၂ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါတံတားသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် စစ်တောင်းကျေးရွာနှင့် တစ်ဖက်ကမ်းရှိ ကျေးရွာများသို့ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

### ရင်းရင်းနှီးနှီးဆွေးနွေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် သမိုင်းဝင်ကျိုက္ကလွန်မွန်စေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုပြီး မွန်းလွဲပိုင်းတွင် စစ်တောင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Nakaya Go နှင့်တွေ့ဆုံကာ မွန်ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုအားနည်းနေသေးသည့် ဒေသများ၌ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ကူညီပူးပေါင်းပါဝင်ဆောင်ရွက်ရေး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု(၂၀၁၂)

## ဖွင့်ပွဲအခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

**နေပြည်တော် မေ ၂၃**

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု(၂၀၁၂)ခုနှစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကောလိပ်နှင့်သူနာပြု သင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက ကချင်ပြည်နယ်၏ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြ၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်တော်ကားတင်သွင်းကြရာ၌ ဝန်ဆောင်မှုကုမ္ပဏီများအား မေးမြန်းခြင်းထက် ကိုယ်တိုင်လေ့လာပြီးမှသာ လေလံကိစ္စဆောင်ရွက်သင့်

***ရန်ကုန် မေ ၂၃***

*မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း နိုင်ငံခြားငွေစာရင်းဖွင့်ကာ မော်တော်ယာဉ်တင်သွင်းခွင့်ပြုခဲ့ပြီးသည့် နောက်ပိုင်း ဂျပန်ကားများအား တာဝန်ယူကာ လေလံဆွဲပေးနေသည့် ကုမ္ပဏီအချို့က မူလပေါက်ဈေးထက် ဈေးနှုန်းပိုမိုပြောလာသည့်အတွက် ကားတင်သွင်းမည့်သူများအနေနှင့် မှန်ကန်သော ရွေးချယ်မှုများဖြစ်ရန် မိမိတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးပြီးမှသာ တင်သွင်းရန်စီစဉ်သင့်ကြောင်း ဗညားဒလလမ်းရှိ ကားဝန်ဆောင်မှုလုပ်ငန်းတစ်ခုထံမှ သိရှိရသည်။*



*"ပိုက်ဆံ တတ်နိုင်တဲ့သူတွေက ကားတင်သွင်းဖို့ အရမ်းကိုတာစူနေကြတယ်။ ပြည်တွင်းကားဈေးကွက်ကလည်း ပြုတ်ကျနေတဲ့အတွက် ကားဝန်ဆောင်မှုတွေအနေနဲ့ ကားသွင်းချင်တဲ့သူတွေကိုလေလံဈေးမြင့်တက်တယ်လို့ အကြောင်းတွေပြပြီး ပြောဆိုလာတာတွေ ကြားရပါတယ်။*

*"အမှန်တကယ်က သူတို့နိုင်ငံတွေမှာ ဘယ်မော်ဒယ်လ်ဆိုရင် ဘယ်ဈေးနှုန်းဝန်းကျင်၊ ဘယ်ကားအမျိုးအစားဆိုရင် ဘယ်လိုစသဖြင့် အားလုံးကတကျတာကျတာ သိပ်မရှိပါဘူး။ လေလံကားတွေဖြစ်တဲ့အတွက် ဈေးနှုန်းကအများကြီး အပြောင်းအလဲ မရှိနိုင်ဘူး။ ဒါပေမယ့် အခုကာလမှာ မြန်မာနိုင်ငံက လေလံအမှာများနေရင်တော့ ဈေးနှုန်းအနည်းငယ်ကွာခြားနိုင်တဲ့အတွက် သေသေချာချာ လေ့လာမှုတွေလုပ်ပြီးမှ လျှောက်သင့်ပါတယ်" ဟု အဆိုပါ ကားဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။*

*မော်တော်ယာဉ် တင်သွင်းကြရာ၌ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုနှင့်ကိုက်တွယ်မည့်ယာဉ်မောင်းများ၏ ကျွမ်းကျင်မှုများအား ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး မကြာသေးမီက သတင်းထွက်ပေါ်မှုများအရ အချို့သောကွန်ပျူတာစနစ်သုံး မော်တော်ယာဉ်မောင်းနှင်မှုစနစ်ကို တတ်ကျွမ်းနားလည်မှု နည်းပါးခြင်းကြောင့် ယာဉ်မတော်တဆ ထိခိုက်မှု များပြားလာခဲ့ကြောင်းလည်း သိရှိရသဖြင့် ကားတင်သွင်းမည့် ပြည်သူများ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းလည်း ဟံသာဝတီကားပွဲစားတန်းမှ ဝယ်ရောင်းတစ်ဦးက ပြောပြသည်။*

*လက်ရှိတွင် ဈေးကွက်အတွင်းရှိ ကားဈေးနှုန်းများမှာ ရွှေငါး(၂၀၀၂ မော်ဒယ်) ကျပ်သိန်း ၂၂၀ ဝန်းကျင်၊ ဟာရီယာ(၂၀၀၀ မော်ဒယ်)ကားများမှာ ကျပ်သိန်း ၂၄၀ ဝန်းကျင်နှင့် ပါဂျဲရိုးဖားပြုတ်(၂၀၀၀ မော်ဒယ်) ဒီဇယ်သုံး ကားများမှာ ကျပ်သိန်း ၃၆၀ ဝန်းကျင်တွင် ရပ်တည်လျက်ရှိပြီး အရောင်းအဝယ် ဆက်လက်အေးဆေးဆဲ ဖြစ်ကြောင်း သိရှိရသည်။* ***ခင်လေးမြင့်အောင်***

# ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရွှေလီ-မန်စံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၇၃)၊ (၂၀၆)၊ (၂၀၇)နှင့် (၂၀၈) တို့အား ကေအိုင်အေ လက်နက်ကိုင်အဖွဲ့က မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ် ဓာတ်အား လျော့နည်း ပြတ်တောက်ခဲ့ကြောင်း သိရှိရသည်။

လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ပို့လွှတ်နိုင်ရေးအတွက် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြုပြင်ခြင်းလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မေ ၂၂ ရက်တွင် အရာထမ်း ဝန်ထမ်း ၁၀ ဦး၊ အမှုထမ်းဝန်ထမ်း ၁၀၈ ဦးတို့ဖြင့် တာဝါတိုင်အမှတ်(၂၀၆)နှင့်(၂၀၇)တို့အား ပြန်လည်ပြုပြင်ခဲ့ရာ တာဝါတိုင်သို့ ချဉ်းကပ်လမ်းဖောက်ခြင်း၊ ကြိုးထိန်းရန် Stay ကျင်းတူးခြင်း၊ Earth Wire ကြိုးနှစ်ချောင်း မြေပြင်တွင် ဖမ်းထိန်းခြင်း၊ တိုင်ဟောင်းမှ ACSR ကြိုးနှင့် Earth Wire ကြိုးပြုတ်ခြင်း လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ထို့ပြင် တာဝါတိုင်အမှတ် (၂၀၆)အား တာဝါတိုင်ဖျက်ခြင်းလုပ်ငန်း ၁၀ ရာခိုင်နှုန်း၊ တာဝါတိုင်ဖောင်ဒေးရှင်း မြေတူးခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ တာဝါတိုင်အမှတ်(၂၀၇)အား တာဝါတိုင် ဖျက်ခြင်းလုပ်ငန်း ၁၀ ရာခိုင်နှုန်း၊ တာဝါတိုင်ဖောင်ဒေးရှင်းဟောင်း ဖျက်သိမ်းခြင်းနှင့် မြေတူးခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်း စုစုပေါင်း လုပ်ငန်းပြီးစီးမှု ၁၀ ရာခိုင်နှုန်းအား မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တာဝါတိုင်အမှတ် (၇၃)အားလည်း အမြန်ဆုံး ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်း ၂၃-၅-၂၀၁၂

# အမ်းမြို့အဝင်(ပဲပဒုံ) စစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

အမ်းမြို့နယ် မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်လှစိုး၊ ရဲတပ်ကြပ် အေးမြင့်၊ ရဲတပ်သား ခင်ဇော်နှင့် အမ်းရဲစခန်းမှ ဒုတိယရဲအုပ် မိုးလွင်တို့ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မေ ၁၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရွှေပြည်ရခိုင် ယာဉ် အမှတ် န/.... ယာဉ်မောင်းဦးသောင်းလွင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ ကားပေါ်တွင် လိုက်ပါ လာသူခရီးသည် မခင်စိုးလှိုင် အသက် ၂၁ နှစ်နှင့် မတင်မာစိုး အသက် ၁၉ နှစ် တို့၏ ခရီးဆောင် ကျောပိုးအိတ်အတွင်း စကပ်၊ ဂါဝန်နှင့် ပတ်လျက် W-Y စာတန်းပါ စိတ်ကြွဆေးပြား ၁၉၇၄၀ ပြား၊ ကာလတန်ဖိုး ကျပ် ၅၉၂ သိန်းကို ရှာဖွေတွေ့ရှိသဖြင့် အမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကလေးငယ်တစ်ဦး ရေဆင်းကူးရာမှ ရေနစ်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဗဟိုလမ်း မီးရထားဝင်းနေ (ဘ) ဦးအောင်စိုး၏ သားဖြစ်သူ မောင်ကျော်ဇင်ဦး အသက် ၆ နှစ်သည် မေ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကြို့ကုန်းအရှေ့ရပ်ကွက် (၁)လမ်း (မြောက်) တိမွေးကုဝင်း ငါးမွေးမြူရေး ရေကန်အတွင်း ရေဆင်းကူးရာ ရေနစ်သေဆုံးသွားကြောင်း သိရသည်။

### အမှုဖွင့်အရေးယူ

သေဆုံးမှုနှင့်ပတ်သက်၍ အလောင်းကို အင်းစိန်ပြည်သူ့ဆေးရုံသို့ ပို့ပြီး အင်းစိန်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

**အာဏာစား မြင့်တင် စိတ်လန်းရှွင် ဆန့်ကျင် မူးယစ်ဆေး**

24-5 (07).pmd 1 5/24/2012, 1:57 AM




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ပြည်လမ်း၊ အမှတ်(၂၆) တွင် ပါတီရုံးချုပ် တည်ရှိသော **ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၅-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီ အမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ အလံပုံစံ**



**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့ဆေးရုံနှင့် စက်မှုလယ်ယာဦးစီးဌာန လယ်ထွန်စက်များ
## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် မေ ၂၃

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၂၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် တိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းထားသော Laparoscopic Surgery Set (ကိုယ်တွင်းကြည့် ခွဲစိတ်ကိရိယာ) ဖြင့် စတင်ခွဲစိတ်ကုသခြင်းနှင့် ကိုယ်တွင်းကြည့်ခွဲစိတ်ကိရိယာအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေးမြို့နယ် ပညာရေးမှူးရုံး၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အခမ်းအနားအမီ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ ဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနသို့ သွားရောက်၍ အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့် လယ်ထွန်စက်၊ လက်တွန်းလယ်ထွန်စက်၊ သီးနှံမျိုးစေ့ချ ကိရိယာ၊ မြေညှိစက်၊ မြေဖွစက်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရှာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ် (၄၄)သို့ မကွေးတိုင်းဒေသကြီးမှ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ကျောင်းသုံးဝတ်စုံနှင့် ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၁၂ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၄၀ | မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်) |

**ညပိုင်း**

| | |
|---|---|
| ၄း၃၅ | တေးဂီတအစီအစဉ် |
| ၄း၄၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာရှိသေပါ** (အပိုင်း-၇) |
| ၈း၀၀ | ပြည်တွင်းသတင်း<br>- နိုင်ငံတကာသတင်းများ<br>- မိုးလေဝသအခြေအနေ<br>- **အစာလည်းဆေး၊ ဆေးလည်းအစာ** |



မွန်ပြည်နယ် ပေါင်မြို့နယ် သဲကုန်းကျေးရွာနေ ဖခင်ကြီး ဦးမောင်တင်-မိခင်ကြီး ဒေါ်ကြေးမုံတို့အားရည်စူး၍ တွံတေးမြို့ စကြံနိလမ်းနေ သားထွေးဖြစ်သူ ဦးမြသိန်း မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးအာဟာရ ပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ရိပ်သာအုပ်ချုပ်ရေးမှူး ဦးမောင်ရီ လက်ခံယူစဉ်။ (၀၀၉)

## မော်ရင်ဟို ရီးရဲမက်ဒရစ်၌ ဆက်ရှိနေမည်



*မက်ဒရစ် မေ ၂၃*

*ရီးရဲမက်ဒရစ်အသင်းနည်းပြအဖြစ် နောက်ထပ်နှစ်နှစ်တာဝန်ယူရန် မော်ရင်ဟိုနှင့်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်ကလပ်က မေ ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။*

*မော်ရင်ဟို **(ဝဲပုံ)**သည် ယခုနှစ်ဘောလုံးရာသီကုန်၌ ပရီမီယာလိဂ်ကလပ်မန်စီးတီးနှင့် အသင်းဟောင်း ချယ်လ်ဆီးတို့နှစ်သင်းအနက် တစ်သင်းသို့ပြောင်းရွှေ့မည်ဟု ပြီးခဲ့သည့်သီတင်းပတ်များက သတင်းများ ထွက်ပေါ်နေခဲ့သည်။*

*အသက် ၄၉နှစ်အရွယ်ရှိ နည်းပြမော်ရင်ဟိုသည် ယခင်ချုပ်ဆိုထားသည့် စာချုပ်အရ ၂၀၁၄ ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်းတွင် နည်းပြအဖြစ် တာဝန်ယူရမည်ဖြစ်သည်။ ယခုသက်တမ်းတိုးနှစ်နှစ်စာချုပ်အရ ၂၀၁၆ ခုနှစ်အထိ ရီးရဲမက်ဒရစ်တွင် နည်းပြအဖြစ်တာဝန်ယူရတော့မည်ဖြစ်သည်။*

*မော်ရင်ဟိုသည် စီးရီးအေကလပ်အင်တာမီလန်အသင်းကို စီးရီးအေဖလား ရယူပေးခဲ့ပြီးနောက် ၂၀၁၀ခုနှစ်က ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။ ယခုနှစ်၌ ရီးရဲမက်ဒရစ်အား စပိန်လာလီဂါဖလား ဆွတ်ခူးပေးနိုင်ခဲ့ရာ ရီးရဲမက်ဒရစ်ကလပ်တာဝန်ရှိသူများက နည်းပြမော်ရင်ဟိုအား သက်တမ်းတိုးစာချုပ်ခဲ့ခြင်းဖြစ်သည်။ နည်းပြမော်ရင်ဟို၏ စွမ်းဆောင်မှုကြောင့် ရီးရဲမက်ဒရစ်အသင်းသည် စပိန်လာလီဂါဖလားနှင့် ဝေးကွာနေရာမှ ယခုနှစ်တွင် ပြန်လည်ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ လာမည့် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင်လည်း လာလီဂါဖလားကိုကာကွယ်နိုင်ရေးကြိုးစားမည်ဟု မော်ရင်ဟိုကပြောကြားသည်။*

*ထို့အတူ ရီးရဲမက်ဒရစ်နှင့်ပြိုင်ဘက် ဘာစီလိုနာအသင်းသည်လည်း နည်းပြဂွါဒီရိုလာ အသင်းမှထွက်ခွာမည့်သတင်းထွက်ပေါ်ခဲ့ရာ ယခုအခါ ဘာစီလိုနာကလည်း နည်းပြဂွါဒီရိုလာအား စာချုပ်အသစ်ထပ်မံချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မော်ရင်ဟိုနှင့် ဂွါဒီရိုလာတို့နှစ်ဦး စပိန်လာလီဂါတွင် လာမည့်ဘောလုံးရာသီ၌ ပြန်လည်ဆုံတွေ့ကြဦးမည်ဖြစ်သည်။* ***(အင်တာနက်)***

## အမျိုးသမီးအိုလံပစ်ဘော်လီဘောလက်ရည်စစ်ပွဲ ရုရှားက ကျူးဘားကိုအနိုင်ရ



တိုကျို မေ ၂၃

**ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့အမျိုးသမီးအိုလံပစ် လက်ရည်စစ်ပွဲများကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၃ ရက်က ကျင်းပရာ ရုရှားအမျိုးသမီးဘော်လီဘောအသင်းက ကျူးဘားအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။** (ယာပုံ)

ရုရှားအမျိုးသမီးဘော်လီဘောအသင်းသည် ကျူးဘားအသင်းကို ၂၅-၁၉၊ ၂၅- ၁၈၊ ၂၅-၂၀ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရုရှားအမျိုးသမီးဘော်လီဘောမယ်များသည် ဘော်လီဘောရိုက်ချက်များ ပြင်းထန်တိကျပြီး အမှားအယွင်းနည်းခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျူးဘားဘော်လီဘောမယ်များ၏ ရိုက်ခုတ်ချက်များကို ပိတ်ဆို့ကာကွယ်နိုင်သည့်အပြင် ကျံထွက်လာသည့် ဘောလုံးများကိုလည်း ဆယ်မနိုင်ခဲ့သဖြင့် ရုရှားတို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပီရူးနှင့် တရုတ်(တိုင်ပေ)တို့ပွဲတွင် ပီရူးဘော်လီဘောမယ်များက တရုတ်(တိုင်ပေ)တို့အား ၂၅-၁၉၊ ၂၅-၂၀၊ ၂၅-၂၀ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဆားဘီးယားနှင့်တောင်ကိုရီးယားအသင်းတို့ပွဲတွင် ဆားဘီးယားက လေးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ဆားဘီးယားက တောင်ကိုရီးယားအသင်းကို ၁၆-၂၅၊ ၂၅-၂၁၊၂၅-၁၃၊ ၂၅-၂၀ ဖြင့် နိုင်ခဲ့ရသည်။ ဆားဘီးယား ဘော်လီဘောမယ်များက ပထမပွဲငယ်၌ အမှားအယွင်းများပြုလုပ်ခဲ့သဖြင့် ရှုံးပွဲကြုံခဲ့ရသော်လည်း နောက်ပွဲစဉ်များ၌ ဆက်တိုက်အနိုင်ရရှိအောင် ကစားနိုင်ခဲ့သည်။

**သုံးပွဲပြတ်**

တစ်ဖန် ဂျပန်နှင့်ထိုင်းတို့ပွဲတွင် ဂျပန်အမျိုးသမီးဘော်လီဘောမယ်များက သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲ၌ ဂျပန်တို့က ၂၅-၁၇၊ ၂၅-၁၈၊ ၂၅-၂၁ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်



## ဘရပ်ဆဲလ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆွီဒင်တင်းနစ်မယ်နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်

*ဘရပ်ဆဲလ် မေ ၂၃*

*ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပလျက်ရှိသော ဘရပ်ဆဲလ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်ပွဲစဉ်များကို မေ ၂၃ ရက်က ဆက်လက်ကျင်းပရာ ဆွီဒင်တင်းနစ်မယ် ဆိုဖီရာအာဇစ်ဆင်က ဟန်ဂေရီတင်းနစ်မယ် ဂရက်တာအန်းအား အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။*

*ဆိုဖီရာအာဇစ်ဆင် **(အပေါ်ပုံ)** သည် ဂရက်တာအန်းအား ၇-၅၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ပွဲစဉ်တစ်ပွဲအဖြစ် တောင်အာဖရိကတင်းနစ်မယ် ရှက်ချီပါနှင့် ရုရှားတင်းနစ်မယ် ပါဗလူချင်ကိုဗာတို့ပွဲတွင် ရှက်ချီပါက ၇-၅၊ ၆-၂ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။*

***နိုင်ပွဲရရှိခဲ့***

*ထို့အတူ ဆားဘီးယားတင်းနစ်မယ် ဂျိုဗန်နေ့ဗ်စကီးနှင့် ဘယ်လ်ဂျီယံတင်းနစ်မယ် ဟန်လာတို့ပွဲတွင် ဂျိုဗန်နေ့ဗ်စကီးက ၇-၅၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ရိုမေးနီးယားတင်းနစ်မယ် နီကူလက်ကူနှင့် အိန္ဒိယတင်းနစ်မယ် မီရာဇာတို့ပွဲတွင် နီကူလက်ကူက ၆-၁၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့သည်။*

*ထို့အပြင် ယူကရိန်းတင်းနစ်မယ် ဆူရင်ကိုနှင့် ဟန်ဂေရီတင်းနစ်မယ် ဂရီတာအင်တို့ပွဲတွင် ယူကရိန်းတင်းနစ်မယ် ဆူရင်ကိုက ၆-၁၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။* ***(အင်တာနက်)***

# ရွှေထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများ သတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက် လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်သို့ရွှေစင်သတ္တုများပေးသွင်းရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြောင်းကြားခဲ့ပါသည်။ အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်(၁၆) ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ကုမ္ပဏီများအနေဖြင့် အထက်ပါ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ထားသည့် ရွှေစင်သတ္တုများ အပြည့်အဝ ပေးသွင်းရန် တာဝန်ရှိသည့်အလျောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးနှင့် တာဝန်ခံရုံးများမှ အကြိမ်ကြိမ်နှိုးဆော်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်သတ္တုများအား ၁၈-၅-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ ရက်အတွင်း အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုမ္ပဏီများသည် ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြီးပေးသွင်းသွားရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများ၊ လုပ်ငန်းစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကချင်ပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကံကောင်းသောပဒုမ္မာ | ဦးလှထူး | ၂၈.၅၀ |
| ၂ | ကမ္ဘာ့ခြေလှမ်း | ဦးဘောက်ဆိုင်း | ၂၀.၀၀ |
| ၃ | ကြယ်ဝါ | ဦးဂျာဂွန်း | ၃၄.၅၀ |
| ၄ | ကျောက်စိမ်းဘုရင် | ဒေါ်ဂျာဘူး | ၁၃.၃၈ |
| ၅ | ကောင်းမြတ်ပြည့်စုံ | ဦးဇော်လိ | ၁၉.၃၈ |
| ၆ | ခင်ရတနာအောင် | ဦးဝင်းမြင့်ဆွေ | ၂၃၉.၆၉ |
| ၇ | ခရအိမ် | ဒေါ်ယိမ်းနမ် | ၄၂.၅၀ |
| ၈ | ချမ်းမြေ့ | ဦးကျော်စိုး | ၄၁.၂၅ |
| ၉ | ဂျာရုဂေါင်း | ဦးချန်ခေါ | ၂၈.၇၅ |
| ၁၀ | ဂျိတ်လင်း | ဦးရွက်ဇော်ခေါင်း | ၂၃၀.၈၁ |
| ၁၁ | စဉ်ကြိုင် | ဒေါ်ခေါင်းနော် | ၂၁.၂၅ |
| ၁၂ | စိုပြေအောင် | ဦးရုံစိန် | ၃၀.၆၃ |
| ၁၃ | စိမ်းမြတ်မွန် | ဦးစိုးနိုင် | ၁၅.၉၄ |
| ၁၄ | ဆွေရတနာ | ဒေါ်လှဲ့လှဲ့ဆွေ | ၉၂.၈၁ |
| ၁၅ | ဇေယျာလှိုင် | ဦးတင်ဝင်း | ၅၄.၃၈ |
| ၁၆ | တွယ်ဆန် | ဦးဇော်ဝင်း(ခ)ဦးပဲအောင် | ၃၅.၃၁ |
| ၁၇ | တိမ်နဂါးနှစ်ကောင် | ဦးချင်းဖာ | ၇၉.၁၃ |
| ၁၈ | ထက်ကောင်းကျော် | ဦးယဉ်ထွေး | ၂၂၄.၇၅ |
| ၁၉ | ထွန်းတင့်ရွှေဝါ | ဦးတင်ဦးမောင် | ၂၀.၆၃ |
| ၂၀ | ထက်ဝေဖြိုး | ဦးအောင်လ | ၃၂.၈၁ |
| ၂၁ | ထွန်းလှဲ့ခိုင် | ဦးတင်မောင်ညွန့် | ၂၃.၄၄ |
| ၂၂ | ထွန်းထွန်းအောင် | ဦးအောင်နိုင်ဦး | ၂၈.၁၃ |
| ၂၃ | ထင်ပေါ်ကျော်ကြား | ဦးထွန်းလင်း | ၁၄၇.၄၄ |
| ၂၄ | နမူနာစံပြ | ဦးနေလင်းဦး | ၄၀.၀၀ |
| ၂၅ | နော့သင်းစတား | ဦးမြင့်သိန်း | ၃၃.၂၈ |
| ၂၆ | ပင်လယ်နေကြယ် | ဦးခမိုင်မုံဂမ်း | ၃၃၀.၆၃ |
| ၂၇ | ပန်းမြတ်မာလာ | ဒေါ်ခေါ်မိုင် | ၄၉.၅၆ |
| ၂၈ | ဖြိုးဝေသီရိ | ဦးတင့်ဆွေ | ၉၆.၁၃ |
| ၂၉ | မြောက်ပိုင်းသရဖူ | ဦးမိုးကျော်သူဆွေ | ၂၅.၇၅ |
| ၃၀ | မြန်မာနွယ်ဝင်း | ဦးဝင်းနိုင် | ၄၀.၉၄ |
| ၃၁ | မြန်မာအောင်မိုးဟိန်း | ဦးအောင်လှ | ၁၅.၀၀ |
| ၃၂ | မြောက်ပိုင်းတော်ဝင်မြေ | ဦးပါးရိုင်အောင် | ၂၁.၇၅ |
| ၃၃ | မြန်မာမိုးသောက်ကြယ် | ဦးတူးဂျာ | ၁၄.၀၉ |
| ၃၄ | မိုးသောက်ကြယ်မင်း | ဦးအောင်အောင်ဦး | ၁၈.၄၄ |
| ၃၅ | မြန်မာရွှေရတနာဟိန်း | ဦးမျိုးခင် | ၉.၃၈ |
| ၃၆ | မြန်မာကံ့ကော် | ဒေါ်အေးအေးဝင်း | ၅၉.၁၉ |
| ၃၇ | မြန်မာရွှေရတနာ | ဒေါ်ထူးရော် | ၉၃.၀၀ |
| ၃၈ | မိုးသောက်ကြယ်သစ် | ဦးခွန်စည်သူသွင် | ၃၂.၈၁ |
| ၃၉ | မြကိုးသွယ် | ဒေါ်ဟေမာ | ၃၁.၅၀ |
| ၄၀ | မြန်မာစံတော်ဝင် | ဦးသန်းနိုင် | ၁၁၄.၃၁ |
| ၄၁ | မင်းသိန်းကြီး | ဦးမောင်အေး | ၂၄.၃၈ |
| ၄၂ | မင်းမင်းမော် | ဒေါ်စန်းမြင့်မော် | ၄၆.၅၀ |
| ၄၃ | မနောရတနာ | ဦးမြင့်ဇော် | ၃၄.၆၉ |
| ၄၄ | ရွှေပစ်မှတ် | ဦးဖုန်းကျော်စိုး | ၅၁.၉၆ |
| ၄၅ | ရွှေပြည့်ဖြိုး | ဦးစက်မောင် | ၂၆.၂၅ |
| ၄၆ | ရွှေချစ်သူ | ဦးအေးသောင်း | ၃၆.၈၁ |
| ၄၇ | ရွှေခြူးသံသာ | ဦးငွားဝု | ၈၀.၇၂ |
| ၄၈ | ရွှေအောင်မိုင် | ဦးအောင်တူး | ၁၈၁.၉၁ |
| ၄၉ | ရွှေထူး | ဦးငွေး | ၃၂.၈၁ |
| ၅၀ | ရှင်ဗွေယန်တိုးတက်ရေး | ဦးဇော်ထွန်းအောင် | ၁၂၃.၃၄ |
| ၅၁ | ရွှေရတနာစိုး | ဦးစိုးမြင့်ထွန်း | ၂၆.၂၅ |
| ၅၂ | ရတနာဂုဏ်ဆောင်သုံးပန်လှ | ဦးကျော်ကိုကို | ၇.၅၀ |
| ၅၃ | ရွှေရတနာရွှေ | ဦးဉာဏ်လင်းထွန်း | ၃၉.၀၆ |
| ၅၄ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၇.၅၀ |
| ၅၅ | ရွှေရာသီ | ဦးကျော်ငွေး | ၁၀၄.၅၀ |
| ၅၆ | ရွှေတီထိုက် | ဦးဇော်မင်းထိုက် | ၁၈.၇၅ |
| ၅၇ | ရွှေဝင်းထက် | ဦးသက်နိုင်ကို | ၇၀.၆၃ |
| ၅၈ | ရွှေလရိပ် | ဦးကျော်ကိုကို | ၁.၈၈ |
| ၅၉ | ရွှေသိုက်စံ | ဒေါ်သီရိပြည့် | ၃၂.၅၀ |
| ၆၀ | ရှင်းသန့်ချမ်းသာ | ဦးခင်မောင် | ၃၂.၁၃ |
| ၆၁ | ရွှေပါရမီ | ဦးစောအေးချမ်း | ၁၇.၃၈ |
| ၆၂ | ရွှေခိုဝိုင်း | နန်ဆီဆိုင်လုမိုင် | ၂၂.၅၀ |
| ၆၃ | ရွှေပြည်စကြာ | ဒေါ်စောစန္ဒာမြင့် | ၁၉.၆၉ |
| ၆၄ | ရွှေသပြေအောင် | ဦးမိုးခိုင် | ၂၅.၄၄ |
| ၆၅ | ရက္ခမူ | ဒေါ်အေးမြအောင် | ၁၁.၀၀ |
| ၆၆ | ရွှေဝန်ပေါင် | ဒေါ်တောင်နွယ် | ၁၅.၃၁ |
| ၆၇ | ရွှေဝင်းဝါရွှေ | ဦးတင်ငွေး | ၇.၅၀ |
| ၆၈ | ရွှေဟွ | ဦးချစ်ကို | ၂၂.၅၀ |
| ၆၉ | ရွှေလင်းမာ | ဦးစိုင်းခမ်းလိတ် | ၃၃.၃၈ |
| ၇၀ | ရွှေနှင်းမှုံ | ဦးဇော်စိုင်း | ၉.၃၈ |
| ၇၁ | ရွှေတိုက်စိုး | ဦးအောင်ဇော်မိုး | ၉.၈၈ |
| ၇၂ | ရွှေဇမ္ဗူ | ဦးအောင်လွန်းမောင် | ၁.၈၈ |
| ၇၃ | ရတနာဆုံမှတ် | ဦးစိုင်းကျော်ဝင်း | ၅၀.၂၅ |
| ၇၄ | ရွှေသိဒ္ဓိရှင် | ဦးထွန်းထွန်းလွင် | ၁၆.၀၀ |
| ၇၅ | ရွှေဆည်တော်ဝင် | ဒေါ်စီစီမြင့် | ၂၈.၁၀ |
| ၇၆ | ရောင်ခြည်နဂါး | ဦးအိုက်စန်း | ၄၁.၈၈ |
| ၇၇ | ရွှေတာပိန် | ဦးဉာဏ်သိမ်း | ၁၆၆.၂၆ |
| ၇၈ | ရွှေအသစ်စတင်ချိန် | ဦးမြင့်လွင် | ၂၆.၆၆ |
| ၇၉ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၂၂.၃၉ |
| ၈၀ | ရွှေပင်လယ်နတ်သမီး | ဒေါ်မြတ်မြတ်ဆင့် | ၂၅.၃၁ |
| ၈၁ | ရာနှုန်းပြည့် | ဦးတင်ငွေး | ၅၂၄.၃၈ |
| ၈၂ | ရွှေကဝါး | ဦးဆန်းကို | ၃.၀၀ |
| ၈၃ | လက်ရွေးစင် | ဦးယဉ်ကြားသိန်း | ၃၉.၈၈ |
| ၈၄ | လာဘ်မိုးလျှံ | ဦးအေးခိုင် | ၁၅.၆၃ |
| ၈၅ | လေးကျွန်းအောင်လံ | ဦးနေဖြိုးဟန် | ၇၁.၇၅ |
| ၈၆ | ဝေမြင့်စံသာ | ဦးမောင်မောင်မြင့်ဝင်း | ၇၂.၃၄ |
| ၈၇ | ဝင်းအိ | ဒေါ်မာလာဝင်း | ၇.၅၀ |
| ၈၈ | သမုဒ္ဒရာနတ်သမီး | ဦးနေမျိုး | ၉၅.၆၃ |
| ၈၉ | သိန်းထက်လျှံ | ဦးကျော်လင်းနိုင် | ၁၀၇.၅၀ |
| ၉၀ | သတ္တုစိမ်း | ဦးဇော်ဝင်းထွဋ် | ၇၃.၁၃ |
| ၉၁ | သိန်းသန်းသူ | ဦးခင်ဇော်လင်း | ၃၄.၇၅ |
| ၉၂ | ဟိန်းနိုင်စိုး | ဦးချစ်ကို | ၁၀၁.၈၁ |
| ၉၃ | အောင်မြင်ကံကောင်း | ဒေါ်သူသူငြိမ်း | ၃၅.၂၅ |
| ၉၄ | အစိမ်းရောင်နယ်မြေ | ဦးသန့်ကျော်ဇင် | ၆၂.၇၅ |
| ၉၅ | အမေ့ကျေးဇူး | ဒေါ်ဂျာစန်းခွမ်း | ၇၅.၁၃ |
| ၉၆ | အဏ္ဏဝါရွှေစင် | ဦးအေးချို | ၃၀.၀၀ |
| ၉၇ | အံ့ဖွယ်ကမ္ဘာ | ဦးခွန်စည်သူသွင် | ၂၆.၂၅ |
| ၉၈ | အားလက်ရုံး | ဒေါ်ခင်အိအိထွန်း | ၁၈.၇၅ |
| ၉၉ | အောင်သစ်လွင် | ဦးမြင့်ဇော် | ၄၅.၆၃ |
| ၁၀၀ | အောင်ငွေဦး | ဦးသက်နိုင်ဝင်း | ၈.၀၀ |
| ၁၀၁ | အောင်ပွဲဝင် | ဦးလင်းထူး | ၈၁.၂၅ |
| ၁၀၂ | အောင်ဟိန်းရှိန်ဖြိုး | ဦးမျိုးမြင့်ဦး | ၉၆.၈၈ |
| ၁၀၃ | အောင်မြင့်စံ | ဦးအောင်ဆန်းမြင့် | ၅၀.၃၁ |
| ၁၀၄ | အောင်မြင်သူ | ဒေါ်သွယ်သွယ်ငြိမ်း | ၄၆.၈၈ |
| | **စုစုပေါင်း** | | **၅၈၀၈.၂၇** |

**ကရင်ပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကျော်လွှမ်းမိုး | ဦးကျော်လွှမ်းမိုး | ၄၀၂.၅၀ |
| ၂ | စံပြရွှေ | ဦးဆွေလင်း | ၁၉၅.၀၀ |
| ၃ | မြတ်အိန္ဒြေ | ဒေါ်နန်းနုနုထွေး | ၁၁၅၃.၈၁ |
| ၄ | ယူနိုက်တက် KMK | ဦးခင်မောင်ကျော် | ၂၉၂.၅၀ |
| ၅ | ရွှေကျင်သား | ဦးမြမောင် | ၂၂.၅၀ |
| ၆ | ရတနာမင်း | ဦးနိုင်လင်းထွန်း | ၃၂.၅၀ |
| ၇ | ရာစုနှစ်တောက်ပသောရွှေ | ဦးကျော်သူရ | ၃၂.၅၀ |
| ၈ | အေးကိုမိသားစု | ဦးအေးကို | ၆၅၀.၀၀ |
| ၉ | ဥဒါန်းသစ် | ဒေါ်အိန္ဒြေမြတ်သူ | ၃၁၀.၀၀ |
| | **စုစုပေါင်း** | | **၃၀၉၁.၃၁** |

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | (၁၁)ခုမြောက်ကြယ် | ဦးစိုးလွင် | ၃၉.၂၈ |
| ၂ | ကဝိမွန် | ဦးလှသွင် | ၂၁.၂၁ |
| ၃ | ကံကောင်းခြင်းထာဝရအားမာန် | ဒေါ်ယမင်းကေခိုင် | ၁၇၉.၃၈ |
| ၄ | ကဠနဒေဝီ | ဦးတင်နွယ် | ၆၀.၅၅ |
| ၅ | ကံကောင်းသောအရှေ့ | ဦးရင်ရီဘော | ၈၁.၆၆ |
| ၆ | ခုနှစ်နှစ်ခုနှစ် | ဦးတင်ရွှေ | ၁၉.၁၄ |
| ၇ | ခိုင်ရွှေငြိမ်းအေး | ဦးမောင်ခိုင် | ၁၀.၇၂ |
| ၈ | စွမ်းထက်ဝင်း | ဦးအောင်ဆန်းဝင်း | ၁၃.၃၈ |
| ၉ | စိန်ထက်ဝင်း | ဦးငွေးလွင် | ၅၂.၆၅ |
| ၁၀ | စိုးထက်ဝေ | ဦးစိုးနိုင် | ၄၅.၄၃ |
| ၁၁ | စိန်မြလွင် | ဦးစက်လွင် | ၄၂၆.၃၃ |
| ၁၂ | စံရွှေပြည် | ဦးမင်းဇော် | ၆၁.၈၂ |
| ၁၃ | စိမ်းရွှေဝါနဒီ | ဦးဝင်းကျော် | ၂၅၀.၉၁ |
| ၁၄ | စိန်ရွှေဖြူ | ဦးထွန်းထွန်းအောင် | ၁၂၈.၈၈ |
| ၁၅ | စိန်မိုးငွေး | ဦးညိုဆောင် | ၇.၅၀ |
| ၁၆ | ငွေးဝင်းထွန်း | ဦးတင်စိုး | ၂၆၈.၂၇ |
| ၁၇ | ဌာနေအောင် | ဦးမောင်မောင်တိုး | ၁၄၂.၅၆ |
| ၁၈ | ထွန်းရန်နိုင် | ဦးရန်နိုင် | ၃၅.၆၄ |
| ၁၉ | နှင်းရောင်မြေ | ဦးယဉ်ကျော် | ၁၇.၉၄ |
| ၂၀ | ပိုင်စိုးခန့် | ဦးစိန်ဝင်း | ၁၆.၀၇ |
| ၂၁ | ပင်လယ်နေကြယ် | ဦးခမိုင်မုံဂွမ်း | ၅၁.၀၅ |
| ၂၂ | ပြည်တန်ရတနာ | ဦးနိုင်အောင်လင်း | ၄၅.၃၈ |
| ၂၃ | ပန်းမြတ်မာလာ | ဒေါ်ခေါ်မိုင် | ၃၂.၆၃ |
| ၂၄ | ဖြူဝါရောင်ရွှေ | ဦးမြင့်သိန်း | ၈၉.၄၇ |
| ၂၅ | ဗိုလ်သိုင်းနှင့်ညီများ | ဦးသိုင်းဝင်း | ၁၀.၈၉ |
| ၂၆ | ဘူးဂါး | ဒေါက်တာလဂျာ | ၁၂၉.၉၈ |
| ၂၇ | မင်းဝင်းစိုး | ဦးမင်းစိုး | ၁၄၄.၆၀ |
| ၂၈ | မြန်မာစီးပွားဆက် | ဒေါ်စန်းသီတာစိုး | ၄၅.၄၅ |
| ၂၉ | မန္တလေးမိုင်းနင်း | ဦးရှိန်းထက်နောင် | ၃၃၅.၁၃ |
| ၃၀ | မြန်မာရှမ်းကျိုလုံ | ဦးအားခမ်း | ၁၁.၂၅ |
| ၃၁ | မူးမြစ်ဖျား | ဦးထိန်ဝင်း | ၃၁.၇၂ |
| ၃၂ | မိုးဟိန်းထွန်း | ဦးငွေးဝင်း | ၄၇.၀၇ |
| ၃၃ | မြန်မာရွှေတံခါး | ဦးစန်းဝင်း | ၂၈.၂၃ |
| ၃၄ | မြန်မာရွှေသင်္ဂီ | ဦးကျင်မောင် | ၂၈.၃၂ |
| ၃၅ | မြန်မာမိုးသောက်ကြယ် | ဦးတူးဂျာ | ၁၇.၆၃ |
| ၃၆ | မိုးကြိုးခြသေ့ | ဦးကျော်သူရ | ၁၀၁.၀၂ |
| ၃၇ | မြန်မာထိပ်တန်းရွှေ | ဦးမျိုးထွန်း | ၇၅.၀၀ |
| ၃၈ | မြင့်မြတ်သော တွင်းထွက်ကမ္ဘာ | ဦးဇေယျ | ၅၁.၉၆ |
| ၃၉ | မြန်မာရွှေဝါ | ဒေါ်ခရေမွှန် | ၄.၀၀ |
| ၄၀ | ရောင်ခြည်နဂါး | ဦးအိုက်စန်း | ၃၈.၉၅ |
| ၄၁ | ရှမ်းကတူး | ဦးစန်းလွင် | ၃၉၆.၁၆ |
| ၄၂ | ရတနာချင်းတွင်း | ဦးသိန်းအောင် | ၄၂၇.၃၂ |
| ၄၃ | ရွှေမဲဇာ | ဦးဝင်းအောင် | ၃၁.၂၇ |

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၄၄ | ရွှေစန္ဒီ | ဒေါ်စောကလျာ | ၃.၂၈ |
| ၄၅ | ရွှေတော် | ဦးခင်မောင်သန်း | ၂၁.၄၃ |
| ၄၆ | ရွှေပြည့်လျှံ | ဦးဇော်ဝင်းမောင် | ၃၇.၂၉ |
| ၄၇ | ရွှေစင်ကမ္ဘာ | ဦးဇော်တောင် | ၂၆.၇၂ |
| ၄၈ | ရှင်းသန့်အောင်မြင် | ဦးသက်တင် | ၁၁၆.၁၅ |
| ၄၉ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၁၄၁.၅၅ |
| ၅၀ | ရွှေဝတီ | ဦးခင်မောင်ဆွေ | ၆၈၆.၈၃ |
| ၅၁ | ရွှေစင်မိုး | ဒေါ်သိန်းဝင်း | ၃၆၉.၂၃ |
| ၅၂ | ရွှေစေတီဆိပ် | ဦးသောင်းတန် | ၂၆၂.၇၆ |
| ၅၃ | ရွှေနံ့သာအောင် | ဦးဖေမြင့် | ၁၄၁.၇၈ |
| ၅၄ | ရွှေပြည်စံအောင် | ဦးစံလှမောင် | ၁၂.၄၄ |
| ၅၅ | ရွှေကျော်ထွန်း | ဦးလှမြင့် | ၁၄.၂၃ |
| ၅၆ | ရွှေငုဝါရွှေ | ဒေါ်ရင်သောင်း | ၆၁.၅၉ |
| ၅၇ | ရွှေဝင်းထွန်းအောင် | ဦးနေဝင်းအောင် | ၁၉၃.၂၃ |
| ၅၈ | ရွှေတောင်ကြား | ဦးကျော်သူရ | ၅၈.၂၄ |
| ၅၉ | ရွှေစင်ဟိန်း | ဒေါ်ဖွေးအိမွန် | ၆၄.၅၃ |
| ၆၀ | ရွှေတက်ရောင် | ဦးကျော်ဝင်းထူး | ၂၉.၂၆ |
| ၆၁ | ရွှေလက်ပံသာ | ဦးရန်ခိုလွန်း | ၁၇၂.၄၄ |
| ၆၂ | ရွှေချင်းတွင်း | ဒေါ်စိုးယုဝေ | ၁၀၅.၇၁ |
| ၆၃ | ရွှေသပြေမိုး | ဦးထွန်းကြည် | ၂၉.၃၃ |
| ၆၄ | ရွှေတိုးတက်အောင် | ဒေါ်အေးအေးသန်း | ၁၉.၁၆ |
| ၆၅ | ရွှေဆွေထွန်း | ဦးထွန်းစီ | ၄၉.၀၆ |
| ၆၆ | ရွှေကျော်မိုး | ဦးကျော်ညွန့် | ၁၉.၆၁ |
| ၆၇ | ရွှေစပါး | ဦးရှင်ဖူး | ၁၄၂.၃၉ |
| ၆၈ | ရွှေစိမ်းမြ | ဦးချိန်းဟိုင်း | ၁၂၅.၄၅ |
| ၆၉ | ရွှေသံတောင်မြောက်ပိုင်း | ဦးကိုကြီး | ၈၁.၇၂ |
| ၇၀ | ရွှေသမာဓိ | ဦးကျော်သူ | ၄၃.၃၁ |
| ၇၁ | ရွှေဝင်းဝင်းထွန်း | ဦးစိန်ဝင်းမောင် | ၆.၇၅ |
| ၇၂ | ရွှေတက်ဟိန်း | ဦးမရမ်ဂန် | ၁၀၆.၃၅ |
| ၇၃ | ရွှေထိပ်ပန် | ဦးငွေးလွင် | ၄၈.၇၅ |
| ၇၄ | ရွှေတိုး | ဒေါ်နန်းလှ | ၁၅.၅၀ |
| ၇၅ | ရွှေရောင်ကောင်းသောမိတ်ဆွေ | ဦးကျော်စိုး | ၁၄၄.၈၄ |
| ၇၆ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၁၀၈.၈၄ |
| ၇၇ | ရွှေတာပိန် | ဦးဉာဏ်သိန်း | ၄၁.၉၈ |
| ၇၈ | ရွှေပွား | ဦးအိုက်ရီ | ၉၃.၄၉ |
| ၇၉ | ရွှေဥက္ကာပုံ | ဦးဇော်မင်းထွန်း | ၇၃.၆၇ |
| ၈၀ | ရွှေအုပ်စိုး | ဦးသန်းထွဋ် | ၅၄.၇၈ |
| ၈၁ | ရွှေဝင့်ဝါအောင် | ဦးနိုင်ဦး | ၈၁.၉၈ |
| ၈၂ | ရွှေနွံ့ခမ်း | ဦးအောင်မြင့် | ၂၉.၄၄ |
| ၈၃ | ရွှေမင်းကြီး | ဦးထန်းဖေ | ၆၇.၆၁ |
| ၈၄ | ရွှေမြရိပ် | ဒေါ်စုစုလှိုင် | ၁၁၀.၉၃ |
| ၈၅ | ရွှေငွေးဗမာ | ဦးဝေလွင်ကျော် | ၁၄၃.၈၈ |
| ၈၆ | လင်းလဲ့စိမ်း | ဦးစိုးနိုင် | ၁၅၂.၆၁ |
| ၈၇ | လင်းဖြိုး | ဦးစိုင်းအောင်မြ | ၃.၇၅ |
| ၈၈ | ဝင်းဝါရွှေစင် | ဦးမြင့်ရောင် | ၁၇၆.၇၅ |
| ၈၉ | ဝင်းဧရာဝတီ | ဦးလှတောင် | ၁၈၃.၈၁ |
| ၉၀ | ဝင်းနှင့်ပြည့်ဖြိုး | ဦးခင်ကျော် | ၁၈၀.၉၇ |
| ၉၁ | ဝီရိယစက်မှု | ဦးဇော်ဝင်းသိန်း | ၅၅.၂၀ |
| ၉၂ | ဝိုင်းမြင့်မြတ် | ဦးမြင့်ဝိုင်း | ၄၉.၁၇ |
| ၉၃ | သတ္တုစိမ်း | ဦးဇော်ဝင်းထွဋ် | ၁၃၀.၉၃ |
| ၉၄ | သလ္လာရွှေစင် | ဦးအောင်သိန်းမြင့် | ၂၀၀.၂၀ |
| ၉၅ | သုဝဏ္ဏရာဇာ | ဦးနု | ၃၉.၇၄ |
| ၉၆ | သီဂီရွှေစင် | ဦးအောင်သိန်းမြင့် | ၃၆.၂၃ |
| ၉၇ | သန်းထိုက်လူ | ဦးစန်းဝင်း | ၄၂.၃၅ |
| ၉၈ | သစ္စာမြေ | ဦးဟန်ဝင်းနိုင် | ၁၁.၂၅ |
| ၉၉ | သာလွန် | ဦးသန်းငွေး | ၅၈.၂၈ |
| ၁၀၀ | သီဟသန့်ဟိန်း | ဦးဘိုဘိုကျော် | ၂၂.၅၀ |
| ၁၀၁ | သံမဏိသခင် | ဦးလင်းထင် | ၂၉.၀၀ |
| ၁၀၂ | သီရိအောင်လှိုင် | ဦးသိန်းထွန်းအောင် | ၁၀၆.၂၄ |
| ၁၀၃ | ဟိန်းနိုင်စိုး | ဦးချစ်ကို | ၁၀၉.၀၃ |
| ၁၀၄ | ဟိန်းရာဇာ | ဦးတင်မောင်ဆွေ | ၁၁၀.၀၅ |
| ၁၀၅ | အေးအေးခိုင် | ဦးစိုးနိုင် | ၂၅၃.၉၉ |
| ၁၀၆ | အံ့ဖွယ်ကမ္ဘာ | ဦးခွန်စည်သူသွင် | ၁၁၅.၈၆ |
| ၁၀၇ | အောင်ဇေယျာတင်ထွန်း | ဦးခင်မောင်ဝင်း | ၃၄.၀၈ |
| ၁၀၈ | အောင်မြင့်စံ | ဦးအောင်ဆန်းမြင့် | ၁၂၉.၄၉ |
| ၁၀၉ | အောင်သုခလင်း | ဦးဝင်းထက်အောင် | ၅၃.၄၀ |
| ၁၁၀ | အောင်ဖူးပွင့် | ဦးအဲချို(ခ)အောင်သန်းမြင့် | ၅၂.၄၂ |
| ၁၁၁ | အောင်ဇမ္ဗူရာဇ် | ဦးမောင်မောင်လေး | ၃၆.၀၀ |
| ၁၁၂ | အကောင်းဆုံးရွှေ | ဦးသန်းမောင် | ၃၀.၄၆ |
| ၁၁၃ | အာရှအဆင့်မြင့် | ဦးစစ်သွေးမွန် | ၆၀.၀၀ |
| ၁၁၄ | ဧရာဝတီမြစ်ဖျား | ဦးချမ်လန် | ၁၀၇.၁၆ |
| ၁၁၅ | ဧရာရွှေဝါ | ဒေါ်ခင်နှင်းသန္တာ | ၂၀.၆၃ |
| | စုစုပေါင်း | | ၁၀၈၀၂.၈၃ |

တနင်္သာရီတိုင်းဒေသကြီး

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ရွှေစင်တောင် | ဦးကျော်လွင် | ၁၅.၈၃ |
| ၂ | ရွှေဘုန်းသစ် | ဦးတင်ဇော်လင်း | ၄၈.၈၃ |
| | စုစုပေါင်း | | ၆၄.၆၆ |

ပဲခူးတိုင်းဒေသကြီး

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ခမ်းဝါ | ဒေါ်ရီရီ | ၅၅.၁၃ |
| ၂ | တော်ဝင်ပါရမီ | ဦးသန်းထွဋ် | ၁၀.၀၀ |
| ၃ | မြတ်အိန္ဒြေ | ဒေါ်နန်းနုနုထွေး | ၁၂၀.၀၀ |
| ၄ | မြစိမ်းရောင်ကျွန်း | ဦးကျော်ချစ်ရှိန် | ၆.၀၀ |
| ၅ | ရွှေကျင်သား | ဦးမြမောင် | ၁၁၉.၈၀ |
| ၆ | အေးမြပြည့်စုံ | ဦးစိန်လှိုင် | ၂၉၆.၅၇ |
| ၇ | အောင်မြင်ချမ်းသာ | ဦးစောဘန်နီချစ် | ၆၅.၆၃ |
| | စုစုပေါင်း | | ၆၇၃.၁၂ |

မန္တလေးတိုင်းဒေသကြီး(စဉ့်ကူးမြို့နယ်)

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | စိန်ငွေးရွှေ | ဦးစိန်မောင် | ၄၅.၀၀ |
| ၂ | စံဝင်းမိသားစု | ဒေါ်ခင်အုန်းမြင့် | ၄၅.၀၀ |
| ၃ | တောနော်ထူး | ဦးစောမောင်မောင် | ၄၀.၀၀ |
| ၄ | နီလာနှင်းဆီ | ဒေါ်ဝင်းကြွယ်ကြွယ် | ၂၀၂.၅၀ |
| ၅ | မေတ္တာရှင် | ဦးအောင်ကျော်ဝင်း | ၃၅.၆၃ |
| ၆ | ရွှေစစ်သည် | ဦးထွန်းမောင် | ၁၀.၃၀ |
| ၇ | ရွှေကျားမင်း | ဦးဝင်းထိန် | ၁၈.၆၉ |
| ၈ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၃၄၆.၉၂ |
| ၉ | ရွှေစံပယ်ဦး | ဒေါ်ရင်ရင်ရွှေ | ၄၀.၈၆ |
| ၁၀ | ရာသက်စံ | ဦးခင်ဇော် | ၄၅.၀၀ |
| ၁၁ | ရွှေပြည့်အိမ် | ဦးအောင်ဇင်ဖြိုး | ၄၇.၉၆ |
| ၁၂ | ရွှေဝင်းနိုင် | ဦးသိန်းနိုင် | ၅.၆၃ |
| ၁၃ | သီဂီအောင် | ဦးဖုန်းညွန့် | ၃၈.၉၁ |
| ၁၄ | အရှေ့တိုင်းသား | ဦးသန်းနိုင် | ၁၃၁.၂၇ |
| ၁၅ | Silver Wave | ဦးမင်းမင်းအောင် | ၂၉.၉၈ |
| | စုစုပေါင်း | | ၁၀၈၃.၆၅ |

မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့နယ်)

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကြယ်ငါးပွင့် | ဦးအိုက်ကျော် | ၉၁.၇၆ |
| ၂ | ကောင်းစက်မှုလက်မှု | ဦးစိုးဦးထိုက် | ၆၈.၈၅ |
| ၃ | ဂျူလိုင်မိုး | ဦးအောင်မျိုးဝင်း | ၄၀.၄၃ |
| ၄ | စူးစမ်းလေ့လာ | ဦးအူမာဖာရွတ် | ၃၀.၆၃ |
| ၅ | စိန်ထီးနန်း | ဦးထွန်းထွန်းဦး | ၂၂.၈၈ |
| ၆ | ဇေယျာလှိုင် | ဦးတင်ဝင်း | ၉၇.၅၀ |
| ၇ | တော်ဝင်ခနေ | ဦးမျိုးမြင့် | ၈၆.၇၂ |
| ၈ | နေရွှေငွေ | ဦးကျော်လွင် | ၁.၈၈ |
| ၉ | ပန်းမြတ်ရာဇာ | ဒေါ်ခင်မာလွင် | ၉၀.၅၀ |
| ၁၀ | ပန်းပွင့် | ဦးဝင်းကြည် | ၁၀၅.၉၄ |
| ၁၁ | မြကျွန်းညိုညို | ဦးကျော်ချစ်ရှိန် | ၂၆.၂၅ |
| ၁၂ | ရွှေရောင်ကောင်းကင် | ဦးမင်းကျော်အောင် | ၅၃.၁၃ |
| ၁၃ | ရွှေ ၂၁ရာစု | ဒေါ်အေးအေးဝင်း | ၄၆.၄၁ |
| ၁၄ | ရာမညအင်တာနေရှင်နယ် | ဦးနိုင်လရီကောင်း | ၆၀.၄၇ |
| ၁၅ | ရွှေရအောင်ပြည့် | ဦးဆန်းဝင်း | ၃၅.၃၁ |
| ၁၆ | ဝင်းမြိုင် | ဦးဝင်းမြိုင် | ၂၅.၈၈ |
| ၁၇ | သိဒ္ဓိရွှေစင် | ဒေါ်ကြည်ကြည်ဝင်း | ၄၇.၃၄ |
| ၁၈ | အေးငြိမ်းမွန် | ဦးမြင့်ဝင်း | ၉၂.၃၄ |
| ၁၉ | အောင်နေလ | ဦးမြင့်သိန်း | ၃၄.၆၉ |
| ၂၀ | အမြဲမှန် | ဦးခွန်ယု | ၃၅.၆၃ |
| | စုစုပေါင်း | | ၁၀၆၀.၃၅ |

မန္တလေးတိုင်းဒေသကြီး(သပိတ်ကျင်းမြို့နယ်)

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ချိုရဲ | ဦးအေးကျန် | ၃၈.၈၁ |
| ၂ | ဂိုလ်းဝင်းနား | ဦးကျော်စိုး | ၁၁.၁၃ |
| ၃ | စိန်ထီးနန်း | ဦးထွန်းထွန်းဦး | ၆၇.၃၈ |
| ၄ | စိန်ဝါလင်း | ဦးစံလှ | ၂၁.၅၇ |
| ၅ | စိမ်းရတနာ | ဦးအေးကျန် | ၁၆.၈၈ |
| ၆ | ပြည့်ဖြိုးလင်းခိုင် | ဦးဘိုနီ | ၂၆.၀၀ |
| ၇ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၃၄.၅၅ |
| ၈ | ရွှေသီဟမြန်မာ | ဦးစန်းနိုင် | ၁၂.၃၉ |
| ၉ | ရွှေစိမ်းရောင် | ဦးလောက်စန်း | ၅၇.၄၈ |
| ၁၀ | ရှမ်းရိုးမအေးချမ်းရေး | ဦးစိုင်းမွန် | ၇.၇၃ |
| ၁၁ | ရွှေခြသေ့ | ဦးကျော်တင်ဝင်း | ၃.၇၅ |
| ၁၂ | ဝေယံဦး | ဦးတင်မျိုးနွယ် | ၈၂.၅၀ |
| ၁၃ | ဟောင်တာ | ဦးဟောင်ဝင်းဟုန်(ခ)ဦးဝင်းဟောင် | ၂၀.၅၉ |
| ၁၄ | အောင်ရွှေငါး | ဒေါ်ရှောက်ထောက် | ၁၃.၁၃ |
| | စုစုပေါင်း | | ၄၁၃.၈၇ |

မန္တလေးတိုင်းဒေသကြီး(သာစည်မြို့နယ်)

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ဆန်းလင်း | ဦးမြင့်ဦး | ၂၆.၈၈ |
| | စုစုပေါင်း | | ၂၆.၈၈ |

မွန်ပြည်နယ်

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ပန်းပွင့် | ဦးဝင်းကြည် | ၂၂.၅၀ |
| ၂ | မိုးလွင် | ဒေါ်မိုးမိုးထွန်း | ၂၁.၇၇ |
| ၃ | ရွှေငွေရတနာကမ္ဘာ | ဒေါ်မြင့်မြင့်အေး | ၅၆.၂၅ |
| ၄ | အောင်နေလ | ဦးမြင့်သိန်း | ၁၄.၁၈ |
| | စုစုပေါင်း | | ၁၁၄.၇၀ |

ရှမ်းပြည်နယ်

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကျဆီး | ဦးကျဆီး | ၃၀.၅၀ |
| ၂ | ခုနစ်ခုသောရာစု | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၃ | ထက်ကောင်းကျော် | ဦးယဉ်ထွေး | ၂၃.၁၃ |
| ၄ | ပြည့်ထွန်းရှိန် | ဦးထွန်းရှိန် | ၁၉.၀၀ |
| ၅ | မြန်မာထာဝရတည်တံ့သော | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၆ | ရွှေကျွဲ | ဦးဇော်ဝင်း | ၈၆.၂၅ |
| ၇ | အောင်စစ်သွေး | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၈ | အောင်နိုင် | ဦးဘောစောချိန် | ၅၈.၇၅ |
| ၉ | ASA Mining | ဦးစိုင်းအောင်စိန် | ၇၆.၈၈ |
| | စုစုပေါင်း | | ၃၆၃.၈၈ |

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

24-5 (13).pmd 1 5/24/2012, 1:57 AM

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယ်သာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျိုဟန်း(စ်) အန်ဒရီး ဘိုဟာ အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျိုဟန်း (စ်) အန်ဒရီး ဘိုဟာသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ နော်ဝေး၊ အင်္ဂလန်နှင့် ဒိန်းမတ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီ၊ ကော်မရှင်များမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ နော်ဝေး၊ အင်္ဂလန်နှင့် ဒိန်းမတ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၃-၅-၂၀၁၂

| | |
|---|---|
| ကျိုက်မရောမြို့ | ၆ ဒသမ ၂၉ လက်မ |
| ပေါင်မြို့ | ၃ ဒသမ ၈၂ လက်မ |
| ချောင်းဆုံမြို့ | ၃ ဒသမ ၇၀ လက်မ |
| မော်လမြိုင်မြို့ | ၃ ဒသမ ၃၄ လက်မ |
| မုဒုံမြို့ | ၂ ဒသမ ၈၃ လက်မ |

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ပုဂ္ဂလိက Space X အာကာသကုန်တင်ယာဉ် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မည် စာ-၄

ဒိုင်နိုဆောမျိုးနွယ် အရိုးစုရုပ်ကြွင်း



အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြင့် လေလံတင်ရောင်းချ စာ-၅



မော်ရင်ဟို ရီးရဲမက်ဒရစ်၌ ဆက်ရှိနေမည် စာ-၁၀